ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (20-12-2006) (၅၁၇၇)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ထန်းတပင်မြို့အဝင်လမ်း ကျောက်ချောကတ္တရာဖြတ်လမ်း ခင်းကျင်းပြီးစီးမှု ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့အဝင် လမ်းတစ်လျှောက်ရှိ ချောင်းဖြတ်တံတားများ တည်ဆောက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

ရန်ကုန် ဒီဇင်ဘာ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့အဝင်လမ်းသို့ ဆက်သွယ် ဖောက်လုပ်ထားရှိသည့် ကျောက်ချောကတ္တရာဖြတ်လမ်း ခင်းကျင်းပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၇ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထိန်ကုန်းကျေးရွာအုပ်စုအနီးရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အင်ဂျင်နီယာဌာန လမ်းနှင့်တံတားဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ထန်းတပင်မြို့အဝင်လမ်းသို့ ဆက်သွယ်သည့် လမ်းအရှည်ပေ ၁၆၅၀၀၊ အကျယ် ၁၄ ပေ (၃ မိုင် ၁ ဖာလုံ)ရှိ ကျောက်ချောကတ္တရာဖြတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို မြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့အဝင်လမ်း ဆက်သွယ်သည့် ကျောက်ချောကတ္တရာ ဖြတ်လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြပြီး လမ်းတစ်လျှောက်ရှိ စည်ပင်သာယာ ချောင်းဖြတ်တံတား၊ ထိန်တစ်ပင်တံတား၊ ရွာသစ်ကြီး ချောင်းဖြတ်တံတားနှင့် အေးလေးရွာတံတားများ တည်ဆောက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှု

စာမျက်နှာ ၂ ကော်လံ ၃ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်ပွဲတော်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲနှင့် ပထမအကြိမ် ပန်းပွဲတော်၌ ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၁၉

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပလျက်ရှိသော အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်ပွဲတော်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲနှင့် ပထမအကြိမ် ပန်းပွဲတော်များကို တစ်လကြာ ကျင်းပလျက်ရှိပြီး ပျော်ပွဲရွှင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲများကို ယမန်နေ့တွင် ဖျော်ဖြေရေး နောက်ဆုံးနေ့အဖြစ် ကျင်းပရာ ပြည်သူအများအပြား ပျော်ရွှင်စွာ ကြည့်ရှုအားပေးသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း၌ ရာသီအလိုက်ပန်းခင်းများ၊ ရှုခင်းအလှများ၊ ပန်းပွဲတော်၌ ခင်းကျင်းပြသထားသော အလွန်လှပသည့် ပန်းပြကွက်များကို လာရောက်အပန်းဖြေ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတု အထိမ်းအမှတ်ပွဲတော်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ပထမအကြိမ် ပန်းပွဲတော်တို့ကို ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေ အနားယူကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀-၁၂-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ချင်းတွင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ

နိုင်ငံ၏ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ရာတွင် လျှပ်စစ်စွမ်းအားသည် အဓိကအရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံသည် မြစ် ချောင်းများပေါများသဖြင့် ရေအရင်းအမြစ် သဘာဝစွမ်းအား အခြေအနေပေးမှု အပေါ်တည်မှီ၍ ရေအားလျှပ်စစ်စီမံကိန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ကိုင်နေသည်။

ဒေသအသီးသီးတွင် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ချင်းတွင်းမြစ်ဝှမ်းဒေသ၌ ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံစီမံကိန်း၊ မော်လိုက်နှင့် ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းတို့ ပါဝင်သည်။

ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဘက်စုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၁၂၀၀ ထုတ်ယူရရှိနိုင်မည့်အပြင် လယ်မြေဧက ၁၀ သိန်းကျော်ကိုလည်း စိုက်ပျိုးရေ ပေးဝေသွားနိုင်မည်ဖြစ်သည်။

အဆိုပါ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဘက်စုံစီမံကိန်းသည် တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနက် လျှပ်စစ်ဓာတ်အား အများဆုံးထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်ရာ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ခြောက်ထောင်ကျော် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ချင်းတွင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ၌ ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းအပြင် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်၅၂၀ ထုတ်လုပ်နိုင်မည့် မော်လိုက်နှင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်နိုင်အားရှိမည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတို့လည်း ပါဝင်သဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် စုစုပေါင်း ၂၃၀၀ ကျော် ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

ယနေ့ကာလသည် နိုင်ငံတော်၌ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းမျိုးစုံထူထောင်၍ ကြိုးပမ်းတက်လှမ်းနေချိန်ဖြစ်ရာ ရေအားလျှပ်စစ်စီမံကိန်းများ အချိန်မီကြိုးပမ်းတည်ဆောက်ပြီးစီး၍ လျှပ်စစ်ဓာတ်အားများ တိုးချဲ့ထုတ်လုပ် ဖြန့်ဖြူးပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ ။

* **ရှေ့ဖုံးမှ**
စစ်ဆေးကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

သွားလာမှု အဆင်ပြေ

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့အဝင်လမ်း ဆက်သွယ်သည့် ၃ မိုင် ၁ ဖာလုံ အရှည် ကျောက်ချောကတ္တရာလမ်းကို မြို့တော် စည်ပင်သာယာရေးကော်မတီက ခင်းပေးခဲ့ရာ ယခုအခါ လုံးဝပြီးစီးသွားပြီဖြစ်၍ ထန်းတပင်မြို့နယ်မှ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ တက်ရောက်နေကြသည့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သွားလာမှုများစွာ အဆင်ပြေသွားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ
(ဂိဟိဝိနယဆုံးမစာ-လူတို့ကိုဆုံးမကြောင်းတရား၊ လူ့ကျင့်ဝတ်)

လောင်းကစားခြင်းအပြစ် – ၆ ပါး

မြတ်စွာဘုရားရှင်သည် သိင်္ဂါလ လုလင်အားမေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ရှိခြင်းသည် အပြစ်–၆ပါး ရှိကုန်၏ဟုဟောကြားတော်မူခဲ့ပါသည်–

– **မိမိနိုင်သော် ရန်များ၏။**
– **မိမိရှုံးသော်မူ ဥစ္စာအတွက်ပူပန်ရ၏။**
– **ကိုယ်တွေ့မျက်မြင်ဥစ္စာဆုတ်ယုတ်၏။**
– **တရားရုံးများ၌ အရေးကြုံ၍ သက်သေလိုက်ရပါက ထိုသူ၏စကားကို အတည်မယူကြပါ။**
– **အဆွေခင်ပွန်းတို့သည် မထီမဲ့မြင်ပြုအပ်၏။**
– **"ဤသူသည် ကစားသမားတည်း၊ မယားကိုကျွေးမွေးရန် မစွမ်းနိုင်"** ဟု သမီးပေး သားယူပြုလိုကုန်သော သူတို့သည် အလိုမရှိအပ်။

လောင်းကစားခြင်း အပြစ်–၆ပါးကို မှတ်သားရလွယ်ကူစေရန် ဆရာတော်ဦးဗုဓ်က လင်္ကာဖွဲ့၍ စပ်ဆိုခဲ့သည်မှာ–

"အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါးကြွေအန် အပြစ်တည်း"

ထို့ကြောင့် လောင်းကစားသည် မိမိဆောင်ရွက်ရန်ရှိသည့် ကောင်းမှုများကို မေ့လျော့ပျက်စီးစေသည့် ဘဝပျက်ရာပျက်ကြောင်းအတွက် ရှေ့ပြေးနိမိတ်ပင်ဖြစ်သောကြောင့် လောင်းကစားမှုကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အလေ့အကျင့် အလေ့အထ ဝါသနာမထုံအပ်ကုန်။ **(သာသနာရေး)**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးမင်းစိန် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာ၁၇ရက်တွင် တာမွေမြို့နယ် နတ်မောက်လမ်းရှိ Hotel Nikko Royal Lake၌ ကျင်းပရာ သဘာပတိ ဒေါက်တာတင်လှိုင်နှင့် ဥက္ကဋ္ဌဦးမင်းစိန်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သဘာပတိက အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း၊ ဥက္ကဋ္ဌ ဦးမင်းစိန်၊ အတွင်းရေးမှူး ဦးစိုးမင်းအောင်၊ တွဲဖက်အတွင်းရေးမှူး ဦးမင်းဇော်၊ ဘဏ္ဍာရေးမှူးဦးဌေးမြင့်တို့ ပါဝင်သော ၂၀၀၆–၂၀၁၀ပြည့်နှစ် ဒုတိယ လေးနှစ်သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့နှင့် အရန်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းကိုလည်းကောင်း အတည်ပြုချက်ရယူခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဝတ်စုံလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

သန်လျင်မြို့ အောင်ချမ်းသာ (၁)ရပ်ကွက် ခေမာရာမသီလရှင်စာသင်တိုက် (၁၈)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်မှ ၃၀ရက်အထိလည်းကောင်း၊ မြို့နယ် သံဃနာယကဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် သီလရှင်အပါး ၁၀၀တို့အား ဝတ်စုံလှူဒါန်းပွဲ၊ ပဋ္ဌာန်းအောင်ပွဲကို ဒီဇင်ဘာ ၃၀ရက်(စနေနေ့) နံနက် ၉ နာရီတွင် လည်းကောင်း ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ အနေဖြင့် ခေမာရာမ သီလရှင်စာသင်တိုက်သို့ အချိန်မီဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီ သီရိလမ်းနေ ဦးကိုကိုကြီး၊ ဒေါ်ယဉ်ယဉ်မြ မိသားစုက မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဒဂုံမြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းအဆင့်နှင့် မြို့နယ်အဆင့် ဘာသာရပ်ထူးချွန်ဆုရရှိသော စတုတ္ထတန်းမှ မောင်ညီညီမင်းမောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကျော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဆက်ကပ်လှူဒါန်း

တနင်္သာရီတိုင်း ထားဝယ်မြို့ ကညွှံ့ရပ်ကွက် သမဝါယမလမ်းနေအိမ်တွင် ဒီဇင်ဘာ ၁၁ ရက်က လောင်းလုံမြို့နယ် စစ်ပြင်ကျောင်း နိမ္မာနရတိ ဆွမ်းစားကျောင်းအတွက် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဇဝနအား မိခင် ဒေါ်အုန်းတင်နှင့် သား ဦးခင်မောင်ကြီး (သတင်းထောက်)တို့က အလှူငွေကျပ် တစ်သိန်းဆက်ကပ်လှူဒါန်းစဉ်။
(၄၇၃)

မူးယစ်ကင်းစင် အလှဆင်

လူမှုစီးပွားဘဝမြင့်မား တိုင်းရင်းသားသွေးချင်းများ

မြင့်စိုး (နတလ)

(၁)

သင်တန်းခန်းမအတွင်းသို့ ဝင်လိုက်သည်နှင့် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်ခန့်က ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော၊ အမှတ်ထင်ထင်ရှိခဲ့ဖူးသော သစ်တောထွက်အနံ့တစ်မျိုးကို ရှူရှိုက်မိသည်။ ကြိမ်နံ့၊ ဝါးနံ့၊ သစ်ဝါးပေါများသည့်အရပ်ဒေသတွင် ကြီးပြင်းခဲ့သော ကျွန်တော်တို့အဖို့ ကစားစရာ ပစ္စည်းကအစ သစ်၊ဝါးနှင့်လွတ်တာရယ်လို့မရှိခဲ့။ ငယ်စဉ်က ဦးကြီး၊ ဦးလေးများနှင့် အနောက်ရိုးမတောင်ခြေသို့တက်၍ ဝါးခုတ်လိုက်ဖူးသည်ကို ယနေ့တိုင်မမေ့။ နွားလှည်းတန်းကြီးနှင့်အပြန် ဝါးစည်းပေါ်တလှုပ်လှုပ်ထိုင်လိုက်လာရသည်ကိုက အရသာတစ်မျိုးပင်။

ယခုဖွင့်လှစ်ခဲ့သည့် အိမ်တွင်းလက်မှုလုပ်ငန်း(ကြိမ်၊ဝါး)အမှတ်စဉ် (၁)၌ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူ ၃၄ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး နည်းပြဆရာတစ်ဦး၊ ဆရာမသုံးဦးကို ဧရာဝတီတိုင်းရေကြည်၊ ငါးသိုင်းချောင်းဒေသများမှ ဆက်သွယ်ခေါ်ယူထားခြင်းဖြစ်ကြောင်းသိရသည်။ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဝင်းက သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများပြည့်စုံစွာရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်သင်ယူနိုင်ရေးကြည့်ရှုစစ်ဆေးပြီး ကြိမ်နန်းဆွဲခြင်း၊ နီးဖြာခြင်းစသော အခြေခံအတတ်ပညာများမှစ၍ လက်ရာမြောက် လက်မှုအသုံးအဆောင်ပစ္စည်းများ ဖန်တီးလုပ်ဆောင်နိုင်သည်အထိ ကြိုးစားသင် ယူကြရန် တိုက်တွန်းမှာကြားခဲ့သည်။

(၂)

အိမ်တွင်းလက်မှုလုပ်ငန်း (ကြိမ်၊ဝါး)သင်တန်းအမှတ်စဉ်(၁) အပါအဝင် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂၇)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၁၄)၊ ယဉ်ကျေးမှုနည်းပြများ မွမ်းမံသင်တန်းအမှတ်စဉ်(၃)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၄၆)နှင့် (၄၇) တို့အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့က တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ သင်တန်းဖွင့်ပွဲသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတစ်ခုချင်းစီ၌ သီးခြားရည်ရွယ်ချက်များရှိနေလင့်ကစား သင်တန်းအားလုံး၏ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်အစိုးရက အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်စီမံကိန်းတို့တွင် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ထမ်းဆောင်နိုင်ကြရေး လေ့ကျင့်ပျိုးထောင်ပေးနေခြင်းပင်တည်း။

တပ်မတော် အစိုးရလက်ထက်တွင် မည်သည့် ခေတ်အခါကနှင့်မျှ မတူ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုရရှိလာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်း၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်ကာ အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ယင်းသို့ ဆောင်ရွက်ပေးမှုကြောင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ခဲ့သည်။

ယင်းသို့ မကြုံစဖူးရရှိထားသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်မှာ နယ်စပ်ဒေသအသီးသီးတွင် ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွား၍ လူ့စွမ်းအားအရင်းအမြစ်များ ထာဝစဉ်တိုးတက်ဖြစ်ထွန်းနေရပေမည်။ ဤသည်ကို ရည်မှန်း၍ နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသအသီးသီးတွင် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ၃၄ ကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)နှင့်(မန္တလေး)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများကို မိုင်းလား၊ ပန်ဆန်းနှင့် လောက်ကိုင်မြို့တို့တွင်၊ အသက်မွေးမှုပညာ လေ့ကျင့်ရေးကျောင်း စက်ပြင်အလုပ်ရုံတို့ကို စစ်တွေမြို့တို့တွင် ဖွင့်လှစ်သင်ကြား လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

အိမ်တွင်းလက်မှုလုပ်ငန်းဖြစ်သည့်(ကြိမ်၊ဝါး)သင်တန်း၌ စနစ်တကျ သင်ယူနေကြသည်ကို တွေ့ရစဉ်။

(၃)

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်–

- **နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများကို အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်ထားသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊**
- **ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာစေရန်၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးကလေးများ ဖြစ်လာစေရန်၊**
- **တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများ ဖြစ်လာစေရန်၊**
- **ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန်၊**

ယင်းသင်တန်းများ၌ သင်တန်းသူများအား အခြေခံစက်ချုပ်ပညာ၊ အဆင့်မြင့် စက်ချုပ်ပညာ၊ ဇာထိုး၊ ပန်းထိုး၊ အချက်အပြုတ်ပညာရပ်များအပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ၊ သိုးမွေးထိုး စက်ဆွဲအတတ်ပညာ၊ ကနုကမာကျောက်စီပန်းချီပညာရပ်များ၊ ရက်ကန်းအတတ်ပညာ စသည်တို့ကို ဒေသနှင့်သင့်လျော်သလို တိုးချဲ့သင်ကြားပေးလျက်ရှိသည်။ ကြိမ်နှင့်ဝါးသည် မြန်မာနိုင်ငံ ဒေသအနှံ့အပြား၌ ပေါများစွာ ပေါက်ရောက်လျက်ရှိသည့် သဘာဝကုန်ကြမ်းများ ဖြစ်သည်။ ယနေ့အချိန်အခါ၌ လက်ရာမြောက်ကြိမ်၊ဝါး လက်မှုပစ္စည်းများသည် နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေပြီ ဖြစ်သည်။ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများအနေဖြင့် ကြိမ်၊ ဝါး အခြေခံ လက်မှုအတတ်ပညာများကို ကျွမ်းကျင်စွာသင်ယူတတ်မြောက်ထားခြင်းဖြင့် ကိုယ်ပိုင်ဝင်ငွေရလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။

(၄)

မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်မှာ နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန် ဖြစ်သည်။ တစ်နည်းဆိုရသော် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မာသည်ထက် ခိုင်မာအောင်၊ ပြည်ထောင်စု စိတ်ဓာတ်များ ထွန်းကားပြန့်ပွားအောင် အလေးထား တည်ဆောက်ရမည် ဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်း စောင့်ရှောက်ရေးတွင်လည်း လက်တွဲညီညီ ခိုင်ခိုင်ကျည်ကျည် ရှိကြရပေမည်။

မိမိတို့၏ အမျိုးသား ယဉ်ကျေးမှုများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံကိန်းများ ချမှတ်အကောင်အထည် ဖော်လျက်ရှိရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် တစ်တပ်တစ်အား ပါဝင်ထမ်းရွက်သည့်အနေဖြင့် ဗဟိုလေ့ကျင့်ရေးကျောင်း၌ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းကျောင်းများမှ သင်ယူတတ်မြောက်သွားသည့် အဆိုပညာရပ်များ၊ အကပညာရပ်များ၊ စောင်း၊ ပတ္တလား၊ စန္ဒရား၊ တယော စသည့် အတီးပညာရပ်များကို နယ်စပ်ဒေသအသီးသီးမှ ဒေသခံ တိုင်းရင်းသူများထံ လက်ဆင့်ကမ်း ပြန့်ပွားစေခဲ့သည်။

ဤကဲ့သို့ လေ့ကျင့်ပျိုးထောင်ပေးမှုများကြောင့် နယ်စပ်ဒေသအသီးသီးတွင်–

- **အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သော အမျိုးသမီးကလေးပေါင်းများစွာ ပေါ်ထွန်းလာခဲ့သည်။**
- **တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ် အပြည့်အဝဖြင့် မိမိတို့အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထား လေးစားမြတ်နိုးတတ်သော အမျိုးကောင်းသားသမီးများစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။**
- **နယ်စပ်ဒေသအသီးသီးမှ အမျိုးသမီးငယ်လေးများ၏ လူမှုဘဝမြင့်မားတိုးတက်လာခဲ့ကြသည်။**

ဤကား နိုင်ငံတော်အစိုးရ၏ ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်၊ မြေပြန့်မခွဲခြား တစ်ပြေးညီ တစ်သားတည်း ထားရှိသော စေတနာပင် မဟုတ်ပါလား။ ။

ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း စုစည်း ညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်း (Initiative for ASEAN Integration-IAI Work Plan Project) အရ အာဆီယံ အတွင်းရေးမှူးရုံး၏ အစီအစဉ်ဖြင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်သော ခရီးသွားလုပ်ငန်းဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး (Tourism Product Development and Marketing) သင်တန်းကို ဒီဇင်ဘာ ၁၈ရက် နံနက် ၈နာရီခွဲ တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ စင်ကာပူသမ္မတနိုင်ငံ International Trade Institute of Singapore မှ သင်တန်းနည်းပြ Mr. Teo Puay Kim နှင့် Mr. Francis Soh Kok Yuen တို့လာရောက် ပို့ချပေးကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ အရာထမ်း ၂၀ တက်ရောက်ကြကာ သင်တန်းကို ဒီဇင်ဘာ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မော်လမြိုင်စက်မှုလက်မှု အထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဒီဇင်ဘာ ၉ ရက်က ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်မွှာရုံ၌ ကျင်းပရာ ကျောင်းသားဟောင်းများက အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား ကန်တော့ကြစဉ်။

(က–ပ)

ချူကလီးယား ပူးပေါင်းဆောင်ရွက်ရေး အိန္ဒိယနှင့်ဆွေးနွေးရန် ဂျပန်သဘောတူ

တိုကျို ဒီဇင်ဘာ ၁၈

နိုင်ငံတကာက စံချိန်စံညွှန်းများနှင့်အညီ အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဂျပန်နိုင်ငံက အိန္ဒိယနှင့် ဆွေးနွေးရန် သောကြာနေ့က သဘောတူညီလိုက်ရာ အိန္ဒိယ-အမေရိကန် နျူကလီးယားသဘောတူညီချက်ကို ထောက်ခံသည့်သဘောဖြစ်ဖွယ်ရှိသည်။

ဂျပန်သည် အိန္ဒိယ-အမေရိကန် နျူကလီးယား သဘောတူညီချက်ကို ထောက်ခံသည်ဟု တိုက်ရိုက်မပြောသော်လည်း နိုင်ငံတကာ အရပ်ဘက်သုံး နျူကလီးယားစွမ်းအားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးကို နိုင်ငံတကာ အဏုမြူ စွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံအနေဖြင့် နျူကလီးယားဆိုင်ရာ နိုင်ငံတကာမိသားစု၏ စိုးရိမ်မကင်းဖြစ်မှုများအပေါ် တုံ့ပြန်မှု ပြုသင့်ပြီး အိုင်အေအီးအေ၏ စံချိန်စံညွှန်းများဖြင့် ဆက်လက်ဖော်ဆောင်သင့်သည်ဟု ဂျပန်ဝန်ကြီးချုပ်အာဘေးက အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့်တွေ့ဆုံ ဆွေးနွေးပြီးသည့်နောက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ၄၄ နိုင်ငံပါဝင်သော နျူကလီးယား စွမ်းအင်ထောက်ပံ့ရေး အုပ်စု (အင်အက်စ်ဂျီ)၏ အစည်းအဝေးတွင် အိန္ဒိယ-အမေရိကန် နျူကလီးယားသဘောတူညီချက်ကိစ္စကို ဆွေးနွေးရာ၌ မိမိတို့နိုင်ငံ တက်ကြွစွာ ပါဝင်လုပ်ရှားသွားမည်ဖြစ်ကြောင်း၊ ဂျပန်နှင့်အိန္ဒိယနှစ်နိုင်ငံမှာလည်း ယင်းသို့ဆွေးနွေးပွဲများ ပြုလုပ်နိုင်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့်ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ နျူကလီးယားစွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး ဒီဇင်ဘာ ၁၅ ရက်က ဆွေးနွေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာချေးပြည်နယ်တွင် ငလျင်လှုပ်

ဂျကာတာ ဒီဇင်ဘာ ၁၈

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ဒီဇင်ဘာ ၁၃ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း၊ ပျက်စီးမှု ရှိ၊ မရှိ ချက်ချင်း မသိရှိနိုင်သေးကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ဒေသစံတော်ချိန် ၁၂ နာရီ ၁၂ မိနစ်တွင် ပင်လယ်ရေအောက်၌ ငလျင်လှုပ်ခဲ့ကြောင်း၊ ငလျင်၏ ဗဟိုချက်မှာ အာချေးပြည်နယ် အနောက်ဘက် မီလာဘိုချ်မြို့ ကီလိုမီတာ ၅၀ အကွာကို ဗဟိုပြု၍ ငလျင်လှုပ်ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဘူမိ-ရူပဗေဒဌာနက ပြောကြားသည်။

ယခု လှုပ်သွားသောငလျင်မှာ ယခုလအတွင်း အာချေးပြည်နယ်တွင် တတိယမြောက်လှုပ်သော ငလျင်ဖြစ်သည်။ အာချေးပြည်နယ် အနောက်ဖျားတွင် ဒီဇင်ဘာ ၁ရက်က လှုပ်ခဲ့သော ငလျင်မှာ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထူးဆန်းသော ဦးနှောက်အဖျားရောဂါကြောင့် အိန္ဒိယ၌ သုံးလအတွင်း ကလေး ၃၅ ဦး သေဆုံး

နယူးဒေလီ ဒီဇင်ဘာ ၁၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ထူးဆန်းသော ဦးနှောက်အဖျားရောဂါတစ်မျိုးကြောင့် သုံးလတာကာလအတွင်း ကလေး၃၅ဦး သေဆုံးကြောင်း၊ ယင်းရောဂါ အဘယ်ကြောင့်ဖြစ်ပွားရသည်ကို ကျန်းမာရေးတာဝန်ရှိသူများ နားမလည်နိုင်အောင် ရှိနေကြောင်း အင်ဒို-အေးရှားသတင်းဌာနက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်သည့် ဦးနှောက်အဖျားရောဂါ၏ လက္ခဏာများမှာ ဂျပန် ဦးနှောက်ရောင်ရောဂါနှင့်တူကြောင်း၊ သို့ရာတွင် ဦးနှောက်အဖျားရောဂါမှာ ဦးနှောက်ရောင်ရောဂါလောက် ပြင်းထန်ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယ အရေးပေါ်ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးဌာနမှ ကျွမ်းကျင်သူပညာရှင်များအဖွဲ့တစ်ဖွဲ့သည် ဥတ္တရပရာဒေ့ရှ်ပြည်နယ်သို့ သွားရောက်ကာ လေ့လာလျက်ရှိသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် လွန်ခဲ့သည့်နှစ်က ဂျပန် ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားမှုကြောင့် ကလေး ၁၄၀၀ကျော် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဆီယံ ထိပ်သီးညီလာခံ ကျင်းပမည့်ရက် ဖိလစ်ပိုင် အဆိုပြု

မနီလာ ဒီဇင်ဘာ ၁၈

(၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ် အရှေ့အာရှ ထိပ်သီးအစည်းအဝေးတို့ကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပရန် အဆိုပြုချက်နှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံကိုးနိုင်ငံနှင့် အာဆီယံ၏ ဆွေးနွေးဖက်ခြောက် နိုင်ငံတို့မှ ခေါင်းဆောင်များက လာမည့် ရက်သတ္တပတ်တွင် အကြောင်းပြန်ကြမည်ဟု ဖိလစ်ပိုင်နိုင်ငံက မျှော်လင့်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ထိပ်သီးအစည်းအဝေး အစီအစဉ်သစ်နှင့်စပ်လျဉ်း၍ ဖိလစ်ပိုင်အစိုးရ၏ တရားဝင် အကြောင်းကြားစာကို အာဆီယံသံတမန်များထံသို့ ပေးပို့ထားပြီဟု အာဆီယံရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး လူဝစ္စခရုဇ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒိုင်ယာနာသေဆုံးရသည့် ကိစ္စ ဗြိတိသျှရဲတပ်ဖွဲ့ အစီရင်ခံစာထုတ်ပြန်

လန်ဒန် ဒီဇင်ဘာ ၁၈

ဝေလမင်းသမီး ဒိုင်ယာနာ ယာဉ်တိုက်မှုဖြင့် သေဆုံးရသောကိစ္စသည် မတော်တဆဖြစ်ရပ်တစ်ခုသာဖြစ်ကြောင်း၊ အချို့ ထင်မြင် ယူဆနေသကဲ့သို့ မင်းသမီးအား လုပ်ကြံမှုမဟုတ်ကြောင်း ဗြိတိသျှ ရဲတပ်ဖွဲ့၏ ဒီဇင်ဘာ ၁၅ ရက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

သေဆုံး

မင်းသမီးဒိုင်ယာနာသည် ၁၉၉၇ ခုနှစ် ဩဂုတ် ၃၁ ရက်က ပြင်သစ်နိုင်ငံ ပွမ့်ဒီမာလာ မြေအောက်ကားလမ်းအတွင်း မော်တော်ယာဉ်ဖြင့် ခရီးသွားနေစဉ် ယာဉ်တိုက်မှု ဖြစ်ပွားပြီး သေဆုံးခဲ့ရသည်။ ဒိုင်ယာနာနှင့်အတူ အမျိုးသားမိတ်ဆွေ ဖာရက်နှင့် ယာဉ်မောင်း ဟင်နရီပေါလ်တို့လည်း သေဆုံးခဲ့ကြရသည်။

တစ်နာရီ ၆၃ မိုင်ခန့်

ယာဉ်မတော်တဆမှုတွင် အသက်ရှင်ကျန်ရစ်သူမှာ သက်တော်စောင့် ထရီဘော်လိစ်ဂျုန်း တစ်ဦးတည်းသာ ရှိသည်။ ၎င်းမှာ ဒဏ်ရာပြင်းထန်စွာ ရခဲ့သည်။ အခင်းဖြစ်ပွားချိန်က ဒိုင်ယာနာ၏ ကားအရှိန်သည် တစ်နာရီလျှင် ၆၃ မိုင်ခန့်ဖြင့် မောင်းနှင်နေကြောင်းသိရသည်။

ထူးခြားသောအစီရင်ခံစာ

ဗြိတိသျှရဲတပ်ဖွဲ့၏ အစီရင်ခံစာကို လန်ဒန်မြို့တော် ရဲတပ်ဖွဲ့အကြီးအကဲဟောင်း လော့စ်ဂျွန်စတီဗင်က ဦးဆောင်၍ စုံစမ်းပြုစုခဲ့သည်။ ယင်းအစီရင်ခံစာသည် စာမျက်နှာ ၈၀၀ ကျော်ရှိပြီး ဗြိတိသျှရဲတပ်ဖွဲ့အတွက် ထူးခြားသော အစီရင်ခံစာဖြစ်သည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ သောင်းကျန်းနေသော တောဆင်ရိုင်းတစ်ကောင်ကို ပစ်ခတ်ဖမ်းဆီးပြီးနောက် ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားဒေသရှိ လက်ဖက်စက်ရုံတွင် လုပ်သားများ လက်ဖက် အခြောက်ခံရန် ပြင်ဆင်နေကြသည်ကို ဒီဇင်ဘာ ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရှန်ဟိုင်း လေကြောင်းဌာန အင်ဂျင်များ ဝယ်ယူမည်

ပေကျင်း ဒီဇင်ဘာ ၁၈

တရုတ်ရှန်ဟိုင်းလေကြောင်းဌာနသည် အမေရိကန်ပြည်ထောင်စုမှ ဂျက်လေယာဉ်ထုတ်လုပ်သည့် ဂျီအီးကုမ္ပဏီမှ လေယာဉ်အင်ဂျင်များ ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာသန်း ၅၅၀ ရှိ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း တနင်္ဂနွေနေ့ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ယင်းသဘောတူညီချက်အရ ဘိုးအင်း ၇၈၇ လေယာဉ် ကိုးစင်းအတွက် ဒေါ်လာသန်း ၃၀၀ တန်ဖိုးရှိ အင်ဂျင်စက်များ ဝယ်ယူမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ အလျင်အမြန် တိုးတက်ဖွံ့ဖြိုးလာသည့် စီးပွားရေးနှင့်အညီ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်ဟု အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကာလော့စ်က လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားသည်။ ဖော်ပြပါ သဘောတူညီချက်သည် တရုတ်နှင့် အမေရိကန်ကုမ္ပဏီများ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက် လေးခုအနက် တစ်ခုဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်-သန်လျင်တံတား အမှတ်(၂)နှင့် ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်ခြင်းစီမံကိန်းများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း ရန်ကုန်-သန်လျင်တံတား အမှတ်(၂) တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်သို့သွားရောက်၍ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် နံနက် ၇နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းတစ်လျှောက် လမ်းလယ်ကျွန်း၌ အရိပ်ရနှင့် အလှပန်းပင်များ စိုက်ပျိုးထားရှိမှု၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နန်းဟောဝန်ပန်းဥယျာဉ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခင်းကျင်းလျက်ရှိသည့် ပဲခူးစုရပ်ကွက် မဂ္ဂင်လမ်းအား မြေသားလမ်းခင်းကျင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ထို့နောက် တိုင်းမှူးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက သန်လျင်မြို့နယ် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်ရေးအတွက် လမ်း၊ တံတားများ ပြုပြင်ခင်းကျင်းခြင်း၊ လူနေရပ်ကွက်များ၊ ဈေးများ သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်စေရန် ထိန်းသိမ်းခြင်း၊ ပန်းခြံများ သန့်ရှင်းသာယာလှပစေရန် ထိန်းသိမ်းပြုစုခြင်းများကို ဆောင်ရွက်ကြရန်၊ သန်လျင်မြို့နယ်ကို အကောင်းဆုံး ခရိုင်ရုံးစိုက်ရာ စံပြမြို့နယ်ဆု၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆုများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြို့နယ်သန့်ရှင်းသာယာလှပပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာတာဝန်ရှိသူအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် သန်လျင်မြို့နယ် ငါးပြေမကျေးရွာအနီး ရန်ကုန်-သန်လျင်တံတား အမှတ်(၂) တံတား ချဉ်းကပ်လမ်းပေါ်ရှိ ဘော့ချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား တွေ့ဆုံ၍ စပါးအထွက်နှုန်း တိုးစေရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်သုံးစွဲကြရေး၊ ကုန်ကျစရိတ်နည်းပါးပြီး စပါးအထွက်နှုန်းကောင်းစေသည့် ဒိုချက်ကင်း သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲကြရေးနှင့် လယ်မြေအတွင်း စိုက်ပျိုးရေရရှိရေးအတွက် အနိမ့်ရေတင်စက်၊ လက်နှိပ်ရေတင်စက်၊ ခြေနင်းရေတင်စက်နှင့် ခန္တွဲတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရေး မှာကြားပြီး ဒေသခံတောင်သူများအား ဒိုချက်ကင်း သဘာဝမြေဩဇာ ပြုလုပ်ရာတွင် သုံးစွဲရသည့် တင်လဲရည်များကို ပေးအပ်၍ ဒေသခံတောင်သူများအား ဒိုချက်ကင်း သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းစနစ် လက်တွေ့ပြသမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းပြသ

ထိုမှတဆင့် တိုင်းမှူးသည် ရန်ကုန်-သံလျင်တံတားအမှတ်(၂)တည်ဆောက်မှုစီမံကိန်း တံတားတည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)၏ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)မှ သီလဝါစက်မှုဇုန်လမ်းသို့ ဆက်သွယ်သည့် အရှည် ၁၀မိုင်နှစ်ဖာလုံရှိ ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်ခြင်း စီမံကိန်းရှင်းလင်းဆောင်၍ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးရဲထွန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က စီမံကိန်းနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များကို မှာကြားပံ့ပိုးဖြည့်ဆည်းပေးသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးသည် ဇာမဏီရေလှောင်တမံအနီး၌ သန်လျင်မြို့နယ် လက်ယက်စမ်း၊ ဘုရားကုန်းနှင့် အလွမ်းဆွတ်ကျေးရွာများမှ ဒေသခံတောင်သူများအားတွေ့ဆုံ၍ စပါးအထွက်နှုန်းကောင်းစေသည့် ဒိုချက်ကင်း သဘာဝမြေဩဇာပြုလုပ်ရာတွင် သုံးစွဲရသော တင်လဲရည်များကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန်လျင်မြို့နယ် ကျောင်းကုန်း-ဆိပ်ကြီးလမ်းနှင့် အလွမ်းဆွတ်ကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် အရှည် ၈၈၃၅ပေ၊ အကျယ် ၁၈ပေ၊ အမြင့်နှစ်ပေရှိ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် မန္တလေးမြို့ မြောက်ပြင်ရပ်မှ ဒေါက်တာဦးအေးဆွေ-ဒေါက်တာဒေါ်ခင်မာကြူ၊ သား ဥက္ကာအေး၊ သမီး သီရိအေးဆွေ မိသားစုက ငွေကျပ် ၁၅၀၀၀၀ ကို အတွင်းရေးမှူး(၂) ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒီဇင်ဘာ ၇ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယူနိုက်တက်အင်ဂျင်နီးယားရင်းကုမ္ပဏီလီမိတက်၊ သံထည်ပစ္စည်းထုတ်လုပ်ရေး အလုပ်ရုံတွင် အကြိုအခြေခံ မီးသတ်သင်တန်း အပတ်စဉ်(၂/၂၀၀၆) သင်တန်းဆင်းပွဲကျင်းပရာ သင်တန်းသားများက လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် ကုမ္ပဏီမန်နေဂျာ ဒေါ်ခင်ပြုံးဝေ၊ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်နှင့် ဦးဖိုးအေးတို့ ကြည့်ရှုကြစဉ်။ (က-ပ)



မအူပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၁၉

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးအသင်းဝင်များ ပူဇော်ကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပါရဂူဘွဲ့ရအသင်းဝင်များနှင့် အသင်းဝင် သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ကန်တော့ခံမည့် အသင်းဝင်များ၊ ဆုရ ကျောင်းသူ၊ ကျောင်းသားများ၊ ပါရဂူဘွဲ့ရ အသင်းဝင်သားသမီးများ၊ အသင်းဝင်မိသားစုများနှင့် မြို့နယ်သူမြို့နယ်သားများသည် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

အရက်သေစာကို စွန့်လွှတ်ခြင်းဖြင့် ဦးနှောက်ပျက်စီးမှုမှ ကာကွယ်နိုင်ဟုဆို

လန်ဒန် ဒီဇင်ဘာ ၁၉

ကာလရှည်ကြာစွာ အရက်သောက်သုံးတတ်သည့် အလေ့အထကို ပေါ့ပေါ့တန်တန် သဘောမထားသင့်ကြောင်း၊ အရက်သေစာသောက်သုံးမှု လွန်ကဲပါက ဦးနှောက်ကို ထိခိုက်ပျက်စီးစေသော အန္တရာယ် ကျရောက်နိုင်ကြောင်း ပညာရှင်များ၏ လေ့လာချက်များက ဖော်ပြနေသည်။

သုတေသီများ၏ လေ့လာချက်အရ လူ့ဦးနှောက်သည် တစ်စိတ်တစ်ဒေသအားဖြင့် ပျက်စီးသွားသည်ကို သဘာဝအားဖြင့် အလိုအလျောက် ပြန်လည်ပြုပြင်ပေးနိုင်စွမ်းရှိကြောင်း သိရသည်။ သို့ရာတွင် အရက်သေစာသောက်စားသည့် ကာလရှည်ကြာသူဖြစ်ပါက အထက်ဖော်ပြပါ ဦးနှောက်၏ ပြန်ပြုပြင်နိုင်စွမ်းလည်း လျော့နည်းကျဆင်းလာသည်ကို တွေ့ရသည်ဟု ဆိုသည်။

ထိုလေ့လာချက်ကို ဂျာမနီ၊ ဗြိတိန်၊ ဆွစ်ဇာလန်နှင့် အီတလီနိုင်ငံများမှ ကျွမ်းကျင်သူ ပညာရှင်များက စူးစမ်းလေ့လာခဲ့ကြခြင်းဖြစ်သည်။ အရက်သေစာသောက်သုံးမှု စွန့်လွှတ်လိုက်သောအခါ ဦးနှောက်သည် အခြေအနေ ပြန်လည်ကောင်းမွန်လာသည်ကို သုတေသီများ တွေ့ရှိခဲ့ကြသည်။

လေ့လာစမ်းသပ်

သုတေသီများသည် ပုံရိပ်ဖော်ယူသော အမ်အာရ်အိုင် နည်းပညာနှင့် ကွန်ပျူတာ နည်းပညာများကို ပေါင်းစပ်၍ လေ့လာစမ်းသပ်ခဲ့ကြခြင်းဖြစ်သည်။

အရက်ဖြတ်ထားသူများ၏ ဦးနှောက်ပမာဏသည် ကနဦးအခြေအနေကထက် နှစ်ရာခိုင်နှုန်းနီးပါး တိုးလာသည်ကို တွေ့ကြရသည်ဟုဆိုသည်။ ထို့အပြင် ဦးနှောက်ကလာပ်စည်းများ၏ အလုပ်လုပ်မှုကို အားပေးသော ဓာတ်ပစ္စည်းများ တွေ့ရှိရမှုမှာလည်း ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာကာ အခြေအနေကောင်းမွန်လာသည်ကို တွေ့ကြရသည်ဟု ဆိုသည်။

အစမ်းသပ်ခံသူများ၏ အာရုံစူးစိုက်နိုင်မှုနှင့် အလေးပေးဂရုပြုနိုင်မှု အခြေအနေများကို ဆန်းစစ်ကြည့်သောအခါ၌လည်း မူလကနဦး အခြေအနေကထက် ပိုမိုကောင်းမွန်လာကြောင်းတွေ့ကြရသည်ဟု သုတေသီများကဆိုသည်။ အစမ်းသပ်ခံသူများအနက် တစ်ဦး၏အခြေအနေမှာမူ ထူးခြားမှုမရှိဘဲ ဖြစ်နေသည်ကို သတိပြုမိကြသည်။ ယင်းပုဂ္ဂိုလ်မှာ အရက်ကို ၂၅ နှစ်တာမျှ အချိန်အကြာဆုံး စွဲစွဲမြဲမြဲ သောက်သုံးခဲ့သူဖြစ်သည်။

သုတေသီပညာရှင်တစ်ဦး

ထိုလေ့လာမှုမှ အဓိက ဖော်ထုတ်တွေ့ရှိရသောအချက်မှာ အရက်သောက်သုံးမှုသည် ဦးနှောက်ကို ထိခိုက်စေသည်။ သို့ရာတွင် အရက်ဖြတ်လိုက်လျှင် ပျက်စီးသွားသော ဦးနှောက်အစိတ်အပိုင်းများ ပြန်လည်ပြည့်ဖြိုးလာစေသည်ဆိုသည့် အချက်ပင်ဖြစ်သည်ဟု လေ့လာမှုကို ဦးဆောင်သူ ဒေါက်တာအင်ဒရေဘတ်ချ်က ပြောကြားသည်။ ၎င်းသည် ဂျာမနီနိုင်ငံ ဝဇ်ဘဂ်တက္ကသိုလ်မှ သုတေသီပညာရှင်တစ်ဦးဖြစ်သည်။ ***အင်တာနက်***

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်က မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သို့ ရောက်ရှိပြီး ဒုတိယအဆင့် တစ်နေ့ရေဂါလန်၄၅သန်း ဖြန့်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုးနှင့် ဦးညီညီတို့လိုက်ပါလျက် ယနေ့နံနက်၇နာရီခွဲတွင်ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ ရောက်ရှိလာရာ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူးဒေါက်တာ ထွန်းသန်းထွန်း၊ စစ်ဆေးရေးဌာန ဌာနမှူး ဦးအောင်စိုးသန်း၊ စီမံကိန်း မန်နေဂျာ လက်ထောက်ဌာနမှူး ဦးကံမြင့်နှင့် တာဝန်ရှိသူများက စီမံကိန်းရှင်းလင်းဆောင်တွင် ရန်ကုန်မြို့နှင့် မြို့နယ်များ၊ မြို့သစ်များသို့ ဒုတိယအဆင့် တစ်နေ့လျှင် ရေဂါလန် ၄၅သန်း ထပ်မံဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်ရန် လျာထားမှုများ၊ လုပ်ဆောင်မှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ကော်မတီဝင်များ၊ ပညာရှင်များ၊ အင်ဂျင်နီယာများ လိုက်ပါလျက် ငမိုးရိပ်ပင်မရေလှောင်တမံ၊ ပင်မတူးမြောင်းကြီးမှ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) စီမံကိန်းဝင်းအရောက် ၆ ဒသမ ၁ မိုင် ရှည်လျားသည့် ရေခေါ် တူးမြောင်းတစ်လျှောက် တူးမြောင်းတာပေါင်များ ကြံ့ခိုင်မှုအခြေအနေများ၊ ရေစီး ဆင်းနေမှု၊ ငမိုးရိပ်တူးမြောင်းဖြတ် ၇၂ လက်မအချင်းရှိ သံမဏိပိုက်များ၏ ကြံ့ခိုင်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငမိုးရိပ် လက်ယာတူးမြောင်းဖြတ် ဘေလီတံတား တည်ဆောက်ရန်နှင့် ရေသန့်စင်စက်ရုံဝင်းအတွင်းရှိ စုစုပေါင်းပေ ၁၇၀၀ ရှည် ကျောက်မြေသားလမ်းများအား ကျောက်ချောကတ္တရာအဆင့် လမ်းအဖြစ် မိုးမကျမီ အပြီးခင်းကျင်းသွားရန် မှာကြားသွားသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)၏ ၆ ဒသမ ၁မိုင်ရှည် ပင်မရေခေါ်တူးမြောင်း၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရွှေဇာမဏီ အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးများ မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာဇာမဏီဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်သည့် ရွှေဇာမဏီ အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးများ မိတ်ဆက်ပွဲကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာဇာမဏီဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းအုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာမောင်မောင်လေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ၂၀၀၅ခုနှစ်အမျိုးသားစာပေ တစ်သက်တာဆုရ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်းနာယက စာရေးဆရာမကြီး စောမုံညင်းတို့က အမှာစကား ပြောကြားကြပြီး မြန်မာဇာမဏီဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းဒါရိုက်တာ ဒေါ်ဆွေနီမြင့် က ဆေးဝါးထုတ်လုပ်ပုံနှင့် အကျိုးသက်ရောက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

မြန်မာဇာမဏီဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းက ရွှေဇာမဏီ အမှတ်တံဆိပ်ဖြင့် သုခမွန်–ခွန်အားတိုးဆေး၊ မီးယပ်သွေးသန့်ဆေးနှင့် အပူငြိမ်းဆေးတို့ကို ထုတ်လုပ်ထားသည်။

သုခမွန် – ခွန်အားတိုးဆေးသည် အမျိုးသမီးများအား အသားအရေ ချောမွေ့လှပပြီး စိတ်ပူပန်မှုများ၊ စိတ်ရှုပ်ထွေးမှုများ သက်သာပျောက်ကင်း၍ အိမ်ထောင်ရေးသုခကို ခံစားရရှိစေကာ အရိုးပွခြင်းနှင့် နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ်ပြီး လုပနုပျိုစေသည်။

မီးယပ်သွေးသန့်ဆေးသည်အမျိုးသမီးများ နာကျင်ကိုက်ခဲမှု၊ ယားယံမှု၊ အနံ့ဆိုးထွက်မှု၊ ညောင်းညာကိုက်ခဲမှုတို့ကိုပျောက်ကင်းစေကာ စိတ်ကြည်လင်စေသည်။ အပူငြိမ်းဆေးသည် ချောင်းဆိုး၊လည်ချောင်းနာ၊ လိပ်ခေါင်း၊ ပါးစပ် နှင့်လျှာအနာများ၊ သွားနာ၊ သွားကိုက်၊ ဝမ်းချုပ်၊ ဆီးနီ၊ ဆီဝါခြင်း တို့ကို ပျောက်ကင်းစေသည်။

ရွှေဇာမဏီတိုင်းရင်းဆေးဝါးများကို ပြည်ပမှ နည်းပညာများနှင့် စက်ကိရိယာများကိုသုံးစွဲပြီး ပြည်ပမှရရှိသော သဘာဝဆေး အဆီအနှစ်များဖြင့် နိုင်ငံတကာစံချိန်မီ ထုတ်လုပ်ထားခြင်းဖြစ်သည်။အဆိုပါဆေးဝါးများကို နီလေးနိုင် ကုမ္ပဏီလီမိတက်အမှတ် (၁၁၉)၊ လမ်း (၅၀)၊ ပုဇွန်တောင်မြို့နယ် ဖုန်း–၀၁–၂၉၁၈၀၅၊ ၃၇၈၂၅၃၊ ၂၉၃၂၉၂ မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိကြောင်းသိရသည်။ (သတင်းစဉ်)

မြန်မာဇာမဏီ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းဒါရိုက်တာ ဒေါ်ဆွေနီမြင့် ဆေးဝါးထုတ်လုပ်ပုံနှင့် အကျိုးသက်ရောက်မှုတို့ကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက်၌ ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေမြင့်မိုရ်အငြိမ့် ကပြဖျော်ဖြေရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် (ဃ)ရပ်ကွက်ဥက္ကဋ္ဌ ဦးဟန်စိန်တို့က မင်းသမီး ဖြူဖြူနှင်းဆီအား ဂုဏ်ပြုငွေကျပ် ၁၅၀၀၀၀ ပေးအပ်ချီးမြှင့်စဉ်။ (၅၀၆)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)၏ ၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃၀ရက် (စနေနေ့)နံနက် ၁၀နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်မှ အသင်းဝင်ဆရာဝန်များ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွံတေးအရှင်ကုန္ဒက အထူးတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၅၁)ရပ်ကွက်၊ မြဝတီမင်းကြီး(၁)လမ်း၊ သိရီမင်္ဂလာမဟာစည်ရိပ်သာ ဆရာတော် တွံတေးအရှင်ကုန္ဒက ဓမ္မဇောတိကဗဟုဇနဟိတရေသည် ဒီဇင်ဘာ ၂၀ရက် ည ၇နာရီတွင် ပဲခူးတိုင်း လက်ပံတန်းမြို့ ရွှေတောင်ကျောင်း အထူးတရားပွဲအဖြစ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဝေဠုဝန်သာသနာပိုင်ဆရာတော်ကြီးအား မဟာဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဝေဠုဝန်သာသနာပိုင် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဝေဠုဝန်ဆရာတော် ဘဒ္ဒန္တနာဂဝံသ၏ မဟာဂုဏဝိသိဋ္ဌပူဇာသဘင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၇ရက် မွန်းလွဲ၁နာရီတွင် ဝေဠုဝန်ကျောင်းတိုက်၌ကျင်းပရာ ရှေးဦးစွာ ပလ္လင်တော်ပေါ်သို့ ဝေဠုဝန်ဆရာတော်ကြီးအား ပင့်ဆောင်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ ဝေဠုဝန်ဆရာတော်ကြီးက ဩဝါဒကထာမြွက်ကြားပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တပည့်ဒါယကာ၊ဒါယိကာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ရတနာအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒမာလက အနုမောဒနာတရားချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (က–ပ)

ပုပ္ပားစကားဝါမြေ ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိပဏ္ဍိတာရာမစာသင်တိုက်၏ နာယက စာချ သာသနာပြု နယ်လှည့် ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဒီဇင်ဘာ၂၃ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၏ စိန်ရတုဝိနယာနုဂ္ဂဟ စာတော်ပြန်ပွဲ၌လည်းကောင်း၊ ဒီဇင်ဘာ ၂၈ရက်တွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက်၊ ဦးအေးလမ်းမိသားစု၏မဟာဒုက်ဆွမ်းလောင်းပွဲ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၁၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	သိကြားမင်းရေးသော ခန္တီစာတမ်းတရားတော် (သီတဂူဆရာတော်)
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၅	မျက်စိအတွင်းတိမ်၊ရေတိမ်ရောဂါအကြောင်း သိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာအနုပညာရေးရာ
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ပြည်နယ်အလှ ကျောက်ပြားသာခေ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	Midweek Sports News
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	ဖိတ်ခေါ်ချင်သည် တောင်စခန်းမြို့ဆီ
၁၀း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ [မောင်စိန်ဝင်း(ပုတီးကုန်း)နှင့်တွေ့ဆုံခြင်း]
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	နည်းပညာစွမ်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်မည့်မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (အပိုင်း–၂)
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	Myanmar Video Rhythm
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	ဒေသရောအစားအစာ ပုသိမ်ဟာလဝါ
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	Fashion Fever (အေးမြတ်သူနှင့်တွေ့ဆုံခြင်း)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြမည့်လိုင်း
၂း၀၀	AC Milan-Catania	5-Sports(Live)



ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

နေပြည်တော်   ဒီဇင်ဘာ   ၁၉

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲ ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Shivraj V.Patil၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ဒီဇင်ဘာ ၁၅ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

ဝန်ကြီးဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျင်လင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးသန်းစိုးတို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့် ကျေးလက်ဒေသဖွံ့ဖြိုးရေးညှိနှိုင်းဆောင်ရွက်

ရန်ကုန်   ဒီဇင်ဘာ   ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့် သည် ဒီဇင်ဘာ ၁၆ရက်ညပိုင်းတွင် ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ဇေယျာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး နှင့် အလုပ်အမှုဆောင်များ၊ ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံပြီး (အပေါ်ပုံ) **အသင်းကြီး၏ရည်ရွယ်ချက်များ၊ အသင်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြ သော အမှုဆောင်များအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။**

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒီဇင်ဘာ ၁၇ရက် မွန်းလွဲပိုင်းတွင် ဖျာပုံမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသည့် ရှမ်းကွင်းကျေးရွာချင်းဆက် ကျောက်ချော လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါလမ်းမှာ အရှည်ပေ ၃၀၀၀၊ အကျယ် ၁၀ပေရှိကာ မအူပင်–ကျိုက်လတ်–ဖျာပုံ ကားလမ်းမကြီးသို့ဆက်သွယ်သောလမ်းဖြစ်ပြီး လမ်းပြီးစီးသွားသဖြင့် ရှမ်းကွင်းကျေးရွာနှင့် ကျုံတာကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေး၊လူမှုရေး၊စီးပွားရေး၊ ပညာရေးစသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မအူပင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်ပြီးစီးသည့် မအူပင်မြို့ပတ္တမြားသီဂီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မအူပင်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ဇေယျာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မအူပင်ခရိုင် မြို့နယ် အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအားတွေ့ဆုံ၍ အသင်းကြီး၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များ အပေါ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေးပညာပေးခြင်းနှင့် အရိုးပွ၊အရိုးပါးရောဂါအန္တရာယ်အကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန်   ဒီဇင်ဘာ   ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် မျိုးဆက်ပွားကျန်းမာရေးပညာပေးခြင်းနှင့် အမျိုးသမီးများတွင်ဖြစ်ပွားတတ်သောအရိုးပွ၊အရိုးပါးရောဂါအန္တရာယ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးမှ သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်စံအေးကြည်က မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်၍ လည်းကောင်း၊ MEGA Company မှ ဒေါက်တာ ဒေါ်နော်အက်ဆေးက အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော အရိုးပါးနှင့် အရိုးပွရောဂါအကြောင်း သိကောင်းစရာကို လည်းကောင်း ပညာပေးဟောပြောကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်(၂၀၀၆) စတုတ္ထနေ့(နောက်ဆုံးနေ့)ဆက်လက်ကျင်းပ

ရန်ကုန်   ဒီဇင်ဘာ   ၁၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်(၂၀၀၆)၏ စတုတ္ထနေ့(နောက်ဆုံးနေ့)အစီအစဉ်ကို ယမန်နေ့တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးဝင်းအတွင်း ဆက်လက်ကျင်းပရာ ဈေးပွဲတော်သို့ လာရောက်သည့် ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

လှိုက်လှိုက်လှဲလှဲအားပေး

မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရန် ဦးတည်ရည်ရွယ်ကျင်းပသည့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲ တော်(၂၀၀၆)ကို ကျင်းပရာတွင် ပြည်သူများ၏ လှိုက်လှိုက်လှဲလှဲအားပေးမှုကို ရရှိခဲ့ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နောင်နှစ်စဉ် နှစ်တိုင်း မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်များကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားရုံးချုပ်(နေပြည်တော်) အထူးအယူခံခုံရုံး အထူးအယူခံမှုခြောက်မှုကြားနာ

နေပြည်တော်   ဒီဇင်ဘာ   ၁၉

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးကျော်ဝင်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုခြောက်မှုကို ကြားနာကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အလှကုန်ပစ္စည်းများ ကံစမ်းမဲဖွင့်ပွဲကျင်းပ

ရန်ကုန်   ဒီဇင်ဘာ   ၁၉

Seven Diamond Dragon Trading Co., Ltd. မှ ဖြန့်ဖြူးသော Storm Galanz Mikka နှင့် Soft On အလှကုန်ပစ္စည်းများ ထပ်ဆင့်ဖြန့်ဖြူးရောင်းချပေးသော စတိုးဆိုင်ကြီးများအား ကံစမ်းမဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ Park Royal Hotel ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ Seven Diamond Dragon Trading Co., Ltd.မှ ဒါရိုက်တာ ဦးစိုင်ဟူ **(အောက်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်ဗီဒီယိုကြော်ငြာ သရုပ်ဆောင်များက ကံထူးရှင်များကို ရွေးချယ်ပေးကြကာ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

ထို့အပြင် အထူးအစီအစဉ်အနေဖြင့် ရောင်းအားအမြင့်ဆုံးဆုနှင့် ရောင်းအား အကောင်းဆုံးဆုများကိုလည်း ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သထုံမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန်   ဒီဇင်ဘာ   ၁၉

သထုံမြို့နယ်အသင်း၏ ၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်စာမေးပွဲအောင် အသင်းဝင်သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင်စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား သင်္ဃိသုခမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ စုံညီစွာတက်ရောက်ကြရန်နှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်စာမေးပွဲအောင် အသင်းဝင်များ သား၊ သမီးများစာရင်းကို ဇန်နဝါရီ ၁ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း–၅၁၀၃၄၀၊ ၅၁၀၆၆၃၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း–၂၁၄၆၁၁၊ အတွင်းရေးမှူး ဦးအောင်မြင့်လွင် ဖုန်း–၅၇၂၁၉၄နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်မကြီး ဖုန်း–၅၇၇၆၅၈ တို့ထံ ဆက်သွယ်သတင်းပို့ရန်နှင့် လှူဒါန်းလိုသူများလည်း ဆက်သွယ်နိုင်ကြောင်းနှင့် နှစ်စဉ်ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများလည်း မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(က–ပ)

ဇီဝမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

သန်လျင်မြို့ အခြေခံပညာ မူလတန်းကျောင်း (ဖို့မြေ)၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၆ရက်က ထန်းပင်ကုန်းရပ်ကွက်၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိငါးနှစ်ဆက် တိုက်ပထမဆုရရှိသူ မသဇ္ဈာဖြိုးဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဌေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၅၂၇)

မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါရုံသာမက ဒေသတွင်း အရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများအကြား မဟာဗျူဟာကျသော စီးပွားရေးဇုန်နေရာတစ်ခုဖြစ်

▲ ကျောဖုံးမှ

ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားဖြစ်ပြီး ယခုကဲ့သို့ နိုင်ငံတော်အဆင့် အခမ်းအနားကို မိမိတို့ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကြီး၌ ကျင်းပခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ၂၀၀၆ကို ရည်ရွယ်ချက်(၃)ရပ်ဖြင့် ကျင်းပသွားခြင်းဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ -

- **နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု ပိုမိုတိုးတက်စေရန်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊**
- **စီးပွားရေး အခွင့်အလမ်းကောင်းများနှင့် မိတ်ဆွေစစ် မိတ်ဆွေကောင်းများ ရှာဖွေရရှိရန်၊**
- **မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ရရှိပြီး ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲ ရှင်သန်စေရန်နှင့် ပိုမို တိုးမြှင့်ရန်**

တို့ဖြစ်ကြောင်း။

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှု ပိုမိုတိုးတက်ရေးအတွက် အကြီးအကဲများ၏ လမ်းညွှန်မှုနှင့်အညီ မိမိတို့ ဒေသအာဏာပိုင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အလေးအနက်ထားပြီး ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏများသည် တစ်စထက်တစ်စ ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ၏ နယ်စပ်ကုန်သွယ်မှု မြင့်တက်လာသည်နှင့်အညီ နယ်စပ်ဒေသ တိုးတက်ဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာရေးတို့အတွက် များစွာအထောက်အပံ့ဖြစ်စေသည့်အတွက် မိမိတို့ မူဆယ်ဒေသအနေဖြင့် များစွာ ဝမ်းမြောက်မိပါကြောင်း။

အလားတူ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ထိုင်း နိုင်ငံများနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးအကဲများ၏ လမ်းညွှန်မှုများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကုန်သွယ်မှုပမာဏများ တစ်စထက်တစ်စ တိုးတက်လာသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်စည်ပြပွဲကို ယခင်နှစ်များက မူဆယ် မန်ဝိန်းကွင်း၌ ကျင်းပခဲ့ပြီး ယခုနှစ်တွင်တော့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီး၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်ကြီးကို ၂၀၀၆ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုပမာဏများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီးသည် မြန်မာနိုင်ငံ၌ အကြီးဆုံးနှင့် ပထမဆုံး တည်ဆောက်ခဲ့သည့် ကုန်သွယ်ရေးဇုန်ကြီးဖြစ်ကြောင်း၊ ယခုပြပွဲ၌ နှစ်နိုင်ငံ ကုန်စည်ပြခန်း စုစုပေါင်း ၂၀၀ ကျော်ရှိပြီး ဒေသထွက် ပဲ၊ ပြောင်း၊ သစ်သီးဝလံများ အပါအဝင် နိုင်ငံတစ်ဝန်းလုံးမှ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများ၊ ကျောက်မျက်

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရတနာပစ္စည်းများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သော လူသုံး၊ အိမ်သုံးပစ္စည်းများအားလုံး စုံလင်စွာ ပြသထားလျက်ရှိသည့်အတွက် တက်ရောက်လာသော မိတ်ဆွေများအားလုံး စိတ်ဝင်စားကြမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုဆောင်ရွက်နိုင်ရေးအတွက် တင်ပို့ တင်သွင်းလိုသည့် ကုန်ပစ္စည်းများကို ရောင်းသူဝယ်သူ နှစ်ဦးနှစ်ဖက် ကိုယ်တိုင်ကိုယ်ကျ မျက်မြင်တွေ့ရှိရမည့် အခွင့်အရေးရှိမည်ဖြစ်ကြောင်း၊ မနက်ဖြန်တွင် ကုန်သည်များအတွက် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုနိုင်ရေး၊ စိတ်ဝင်စားသည့် ကုန်ပစ္စည်းအမယ်များအပေါ် တွေ့ဆုံညှိနှိုင်းနိုင်ရေးတို့အတွက် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ Business Matching ကို ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ယခုရောက်ရှိလာသော လုပ်ငန်းရှင် ကုန်သည်များအတွက် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ရရှိသွားမည်ဖြစ်ကြောင်း။

ယခုပြပွဲ၌ မြန်မာ-တရုတ် နှစ်နိုင်ငံသာမက အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအိုနိုင်ငံများကိုပါ ဖိတ်ကြားထားသည့်အတွက် ဒေသတွင်း နိုင်ငံများ၏ လုပ်ငန်းရှင်များအားလုံးအတွက် အကျိုးဖြစ်ထွန်းမှုများ ရှိသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကုန်စည်ပြပွဲ အခါသမယတွင် ကုန်သည်အချင်းချင်း တွေ့ဆုံခြင်းအားဖြင့် ပုဂ္ဂိုလ်ရေး ချစ်ကြည်ရင်းနှီးမှု တည်ဆောက်သွား

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာလျှူဖင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်မည်ဖြစ်ပြီး ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းအသီးသီးကို ပြသသွားနိုင်မည့်အခွင့်အရေးရှိသည့်အပြင် အရောင်းအဝယ် စာချုပ်များကိုပါ ချုပ်ဆိုသွားနိုင်မည် ဖြစ်ပါကြောင်း။

မိမိတို့ အိမ်နီးချင်းနိုင်ငံများသည် ရှေးယခင်ကတည်းကရှိခဲ့သော ချစ်ကြည်ရင်းနှီးမှု၊ နားလည်စာနာမှုများကြောင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် တိုးတက်အောင်မြင်လျက် ရှိကြောင်း၊ ကုန်သွယ်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား ဖြစ်သည်နှင့်အညီ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အမျှ မိမိတို့ အိမ်နီးချင်းနိုင်ငံများအားလုံးအတွက် အကျိုးဖြစ်ထွန်းမှုများ ရှိသွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဒေသတွင်း အဖွဲ့အစည်းများဖြစ်သော ASEAN ၊ BIMSTEC ၊ GMS ၊ ACMECS စသည့် အဖွဲ့အစည်းများတွင်လည်း ဆက်နွှယ်ပါဝင်ရှိသည်ကို တွေ့ရကြောင်း။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးသည် ယခုအခါတွင် ပုံမှန်ကုန်သွယ်မှုစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်မှု တိုးတက်အောင်မြင်လျက်ရှိပြီး ယခုအခါတွင် ၇၀ ရာခိုင်နှုန်းခန့် ပုံမှန်ကုန်သွယ်မှုနည်းလမ်းနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျန်နယ်စပ်များ၌လည်း ပုံမှန်ကုန်သွယ်မှုနည်းလမ်းများဖြင့် တိုးမြှင့်ဆောင်ရွက်သွားရန်ရှိကြောင်း၊ မိမိတို့ နယ်စပ်ဒေသနေ ကုန်သည်လုပ်ငန်းရှင်များ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် သင်တန်းများပေးခြင်း၊ မြို့နယ်အဆင့်ထိဆင်း၍ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အဖွဲ့များခွဲပြီး စည်းရုံးပညာပေးခြင်းတို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်မှုများကြောင့် နယ်စပ်ဒေသနေ ပြည်သူများ၊ မြန်မာနိုင်ငံအရပ်ရပ်မှ စီးပွားရေးလုပ်ငန်းရှင် ပြည်သူများအားလုံး ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် တိုးတက်စိုက်ပျိုးလာကြပြီး စိုက်ပျိုးထားသည့် သီးနှံများကို ပြည်ပသို့တင်ပို့နိုင်မည့် လုပ်ထုံးလုပ်နည်းများ၊ ကုမ္ပဏီဖွဲ့စည်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ယခုအခါ ပိုမိုသိကျွမ်းနားလည်လာသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရကြောင်း။

ယခုအခါ အိမ်နီးချင်းနိုင်ငံများအားလုံး ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ခြင်း၊ အသီးအပွင့်များအဖြစ် နယ်စပ်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်း တိုးမြှင့်လာခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများကို တစ်စထက်တစ်စ ရရှိလျက်ရှိကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်အပြင် တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများရှိနေသမျှ တရားဝင် ကုန်သွယ်မှုများ လျော့နည်းလာမည်ဖြစ်ပြီး ကုန်သွယ်မှု ပိုမိုတိုးတက်ရေးအတွက် ထိခိုက်စေမည်ဖြစ်ကြောင်း။

အချုပ်အားဖြင့်ဆိုသော် မိမိတို့ အိမ်နီးချင်းနိုင်ငံအားလုံး ချစ်ကြည်ရင်းနှီးစွာဖြင့် ကုန်သွယ်မှုလုပ်ငန်း အခက်အခဲများနှင့် စိန်ခေါ်မှုများအပေါ် ဝိုင်းဝန်းပူးပေါင်း၍ နည်းလမ်း ရှာဖွေဆောင်ရွက်သွားမည်ဆိုပါက ကုန်သွယ်မှုများ အဆပေါင်းများစွာ မလွဲမသွေ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့၏ ရိုးရှင်းလှသော မြန်မာစကားပုံ "စည်းလုံးခြင်းသည်အင်အား" ဆိုသည့်အတိုင်း ဒေသတွင်း နိုင်ငံများအကြား ညီညွတ်ခိုင်မာသော အင်အားစုတစ်ခုအဖြစ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလျှူဖင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေး ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်တွေ့ဆုံပွဲ ထင်ဟပ်စေသော မင်္ဂလာရှိသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ နှစ်နိုင်ငံ ကုန်စည်ပြပွဲနှင့် ကုန်သွယ်ရေးဆွေးနွေးပွဲများကို ၁၉၉၇ ခုနှစ်တွင် ချုပ်ဆိုခဲ့သော မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူ စာချုပ်အရ ၂၀၀၁ခုနှစ်မှစ၍ တစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျ ကျင်းပဖြစ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံဘက်၌ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး ယခု ၂၀၀၆ ခုနှစ်တွင် တတိယအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း၊ ယခု မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်စည်ပြပွဲ၌ ထူးခြားမှုတစ်ရပ်မှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် လာအိုစသော အိမ်နီးချင်းမိတ်ဆွေများကို ဖိတ်ကြားခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ယခု ကုန်စည်ပြပွဲအခမ်းအနားကို တက်ရောက်ပေးကြသော အိမ်နီးချင်းနိုင်ငံများမှ မိတ်ဆွေများအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေကောင်းပီသစွာ ချစ်ကြည်ရင်းနှီးမှုများဖြင့် ဆက်ဆံလျက်ရှိသကဲ့သို့ ဒေသတွင်း စီးပွားရေးအဖွဲ့အစည်းများဖြစ်သော ASEAN ၊ BIMSTEC ၊ GMS၊ ACMECS စသည့် စီးပွားရေးအဖွဲ့အစည်းများ၌လည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် ကုန်သွယ်မှု မူဝါဒကောင်းစီမံလည်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုတိုးတက်ရေးအတွက် အမြဲအလေးထား လမ်းညွှန်မှုပေးသည့်အတွက် ကုန်သွယ်မှုပမာဏများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံသည် ၁၉၅၀ပြည့်နှစ်မှစ၍ သံတမန်ဆက်သွယ်ခဲ့ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် ဆက်ဆံလျက်ရှိကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၇၁ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင်လည်းကောင်း၊ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးဆိုင်ရာ သဘာတူစာချုပ်ကို ၁၉၉၄ခုနှစ် ဩဂုတ် ၁၃ရက်တွင်လည်းကောင်း ချုပ်ဆိုခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အစဉ်အလာကောင်းများနှင့်အညီ ယနေ့တိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခု မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီးကို ၂၀၀၆ခုနှစ် ဧပြီလတွင် ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မူဆယ် နယ်စပ်ကုန်သွယ်ရေးသည် မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းအားလုံး၌ အကြီးဆုံးဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ဆောင်ရွက်လျက်ရှိသည့် စခန်းကြီးတစ်ခုဖြစ်ကြောင်း၊ မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းအနေဖြင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါရုံသာမက ဒေသတွင်းအရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများအကြား မဟာဗျူဟာကျသော စီးပွားရေးဇုန် နေရာတစ်ခုလည်းဖြစ်ကြောင်း။



တရုတ်ပြည်သူ့ သမ္မတနိုင်ငံ CIFC (China International Forest Company) ကုမ္ပဏီမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ပိုးစာပင် နှစ်သိန်း ပေးအပ်လှူဒါန်းရာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့် လက်ခံစဉ်။ (သတင်းစဉ်)

နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် နှစ်နိုင်ငံ နယ်စပ်နေ ပြည်သူများ လွယ်ကူစွာကူးသန်းရောင်းဝယ်နိုင်ရန် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ၁၉၉၇ခုနှစ်ကတည်းက နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး သဘောတူထားသည့်အတိုင်း ပုံမှန်ကုန်သွယ်မှုကိုလည်း တဖြည်းဖြည်း တိုးတက်ပြုလုပ်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာ–တရုတ် နှစ်နိုင်ငံသည် ရှေးယခင်ကတည်းကရှိခဲ့သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုများကြောင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၌ အောင်မြင်မှုများ ရရှိလျက်ရှိကြောင်းဖြင့်

နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ကြပါစေ။
နှစ်နိုင်ငံချစ်ကြည်ရေးအခွန့်ရှည်တည်တံ့ခိုင်မြဲပါစေ။
နှစ်နိုင်ငံပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ

ဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CIFC (China International Forest Company) ကုမ္ပဏီမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ပိုးစာပင် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က လက်ခံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလျှူဖင်တို့က မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(၂၀၀၆)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ပြည်တွင်းပြည်ပကုမ္ပဏီများ၏ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(၂၀၀၆)တွင် မြန်မာပြခန်း ၁၁၀၊ တရုတ်ပြခန်း ၁၂၂ခန်း၊ ထိုင်းပြခန်း နှစ်ခန်း၊ အိန္ဒိယပြခန်း နှစ်ခန်းနှင့် ဘင်္ဂလားဒေ့ရှ်ပြခန်းနှစ်ခန်း၊ စုစုပေါင်း ၂၃၈ခန်းပြသလျက်ရှိပြီး မြန်မာပြခန်းများတွင် ကျောက်မျက်ရတနာပြခန်းများ၊ သစ်အချောထည် ပစ္စည်းများ၊ လယ်ယာထွက်ကုန် ပဲမျိုးစုံပြခန်းများ၊ ရေထွက်ပစ္စည်း ပြခန်းများ၊ ရော်ဘာထွက်ကုန် ပြခန်းများ၊ ချည်ထည် အမျိုးမျိုးနှင့် ရိုးရာချည်လုံချည် ပြခန်းများ၊ တိုင်းရင်းဆေး ပြခန်းများ၊ ကြိမ်ထည်ပစ္စည်း ပြခန်းများ၊ အထွေထွေ လူသုံး နှင့် အိမ်သုံးပစ္စည်းများ၊ စက်မှုဇုန်ထုတ် ဂျစ်ကားများကို လည်းကောင်း၊ တရုတ်ပြခန်းများတွင် လျှပ်စစ်ပစ္စည်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီပြခန်းများ၊ ဆိုင်ကယ် နှင့် ဆိုင်ကယ်အပိုပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများ၊ အထည်အလိပ်နှင့် စားသောက်ကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ တိုင်းရင်းဆေး ပြခန်းများ၊ စာရေးကိရိယာပစ္စည်းပြခန်းများ၊ တည်ဆောက်ရေးကုမ္ပဏီ များနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီ ပြခန်းများကိုလည်း ကောင်း၊ ထိုင်းနိုင်ငံပြခန်းတွင် အလှကုန် ပစ္စည်းအမျိုးမျိုး၊ စောင်အမျိုးမျိုးနှင့် မြက်ဖျာများကို လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်ပြခန်းတွင် ဆေးပစ္စည်းများကို လည်းကောင်း၊ အိန္ဒိယပြခန်းတွင် ရေထွက်ပစ္စည်းများကို လည်းကောင်း၊ အသီးသီး ခင်းကျင်းပြသလျက်ရှိပြီး ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၂၀ရက် အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းကုန်း(ဒါးက) လျှပ်စစ်မြစ်ရေတောင်စီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၀ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကညင်ကောက်ကျေးရွာအနီး၌ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ကျောင်းကုန်း(ဒါးက) လျှပ်စစ်မြစ်ရေတောင်စီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ လုပ်ငန်းတာဝန်ခံ ဦးစီးအရာရှိ ဦးကြည်လှိုင်ဌေးက ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဒါးကမြစ်၏ အနောက်ဘက်ရှိ ကညင်ကောက်ကျေးရွာဘက်ခြမ်းတွင် တည်ဆောက်နေသည့် ရေတင်အဆင့်(၁)နေရာနှင့် ရေငြိမ်ကန်နေရာ၊ ရေပေးတူးမြောင်းများကို စက်ယန္တရားဖြင့် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

ကျောင်းကုန်း(ဒါးက) လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ကျောင်းကုန်းမြို့နယ်ရှိ မကျီးပင်ကွင်း၊ ပေါက်ဆိန်ပဲ့၊ အမှတ်(၃) ရပ်ကွက်၊ ပန်းတောရိုး၊ ဇီးငူ၊ ဝက်ခြံဂရက်နှင့် ရောင်မြစ်ကွင်း စသည့် ကျေးရွာအုပ်စုများရှိ လယ်မြေဧက ၉၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သည်။

ယင်းနောက် ဝန်ကြီးသည် ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများ၊ ကျောင်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များ မှာကြားဆွေးနွေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

❍ လူသန်းပေါင်းများစွာမှ

အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့က တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတကာ တောင်တန်းများနေ့၏ ရည်ရွယ်ချက်မှာ တောင်တန်းတည်ရှိရာနေရာများကို စဉ်ဆက်မပြတ် စီမံခန့်ခွဲမှု စွမ်းပကားမြှင့်တင်ရေးနှင့် တောင်တန်းများ၏ အရေးပါသောအခန်းကဏ္ဍကို အာရုံစိုက်ရေး ဖြစ်သည်။

သစ်ပင်များခုတ်လှဲခြင်း၊ သတ္တုတူးဖော်ခြင်း၊ စက်မှုလုပ်ငန်းများ တည်ထောင်ခြင်း၊ ခရီးသွားလုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်းနှင့် ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းတို့က တောင်တန်းများထိခိုက်စေရန် ခြိမ်းခြောက်လျက်ရှိသည်။

မြေဆီလွှာထိန်းသိမ်းမှု၊ ရေချို၊ စားနပ်ရိက္ခာနှင့် ဆေးဖက်ဝင်အပင်များ ရရှိရေးအတွက် တောင်တန်းများ၏ ဇီဝအမျိုးအစားအမျိုးမျိုးမှာ မရှိမဖြစ်လိုအပ်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဌာနမှ တာဝန်ရှိသူ အလမ်နီဒီဂျိနီက ပြောကြားသည်။

အာလူး၊ ခရမ်းချဉ်သီး၊ မျှတသောရာသီဥတုတွင် ပေါက်ရောက်သည့် သစ်သီးဝလံ မျိုးစိတ်များကဲ့သို့သော သီးနှံများသည်လည်းကောင်း၊ သိုး၊ ဆိတ်၊ နွားနှင့် ကုလားအုတ်တို့ကဲ့သို့သော တိရစ္ဆာန်များသည် လည်းကောင်း ကမ္ဘာ့တောင်တန်းများရှိရာနေရာတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ရှင်သန်ကြီးထွားလာခဲ့ရသည်။ တောင်တန်းများမှာ သန်းပေါင်းများစွာသော လူသားတို့အတွက် အသက်မွေးမှုနှင့် စားနပ်ရိက္ခာအရင်းအမြစ် တစ်ရပ်လည်းဖြစ်သည်ဟုဆိုသည်။ *အင်တာနက်။*

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်ပွဲတော်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲနှင့် ပထမအကြိမ် ပန်းပွဲတော်တွင် ပဟေဠိနန်းတော်အစီအစဉ်၌ ပြည်သူများ စိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

တရားရုံးချုပ် ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၉

တရားရေးအရာရှိများနှင့် ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ တရားရုံးချုပ် မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တရားသူကြီးချုပ် ဦးအောင်တိုးက ဂုဏ်ပြု အမှာစကားပြောကြားပြီး ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးရရှိသူ မဌေးမို့မို့နှင့် မဆုမြတ်ဟန်တို့အား ပညာရည်ချွန်ဆုချီးမြှင့်သည်။ (သတင်းစဉ်)

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် ပွဲတော်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲနှင့် ပထမအကြိမ် ပန်းပွဲတော်တွင် နန်းမြင့်မျှော်စင်အနီးရှိ ဂီတစင်မြင့်၌ တေးဂီတဝိုင်းများ၊ အဆိုတော်များဖြင့် ဖျော်ဖြေရာ တေးဂီတ ကြိုက်နှစ်သက်သူ လူငယ်များ ပျော်ရွှင်စွာဆင်နွှဲကြစဉ်။ (သတင်းစဉ်)

❖ ပြင်ဦးလွင်မှ

ကြည့်ရှုသူများနှင့် ပြည့်နှက်လျက်ရှိသည်။ ပွဲတော်အတွင်း ခင်းကျင်းရောင်းချသည့် ဈေးဆိုင်တန်းများ၊ ဖက်ရှင်ပြပွဲများနှင့် Dream Boat Service Co., Ltd. မှ တင်ဆက်သည့် ပဟေဠိနန်းတော် အစီအစဉ်တို့တွင် ပြည်သူများ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

လာရောက်အပန်းဖြေ

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်း တည်ဆောက်ထားသော ပြည်ထောင်စုကြီးအတွင်းမှ ပြည်ထောင်စုငယ်သဖွယ် ဖြစ်နေသော သဘာဝအထိမ်းအမှတ်များနှင့် လူတို့ ဖန်တီးတည်ဆောက်ထားသော အဆောက်အအုံများ၌ လာရောက်အပန်းဖြေကြသူများရှိသလို၊ ရွှေတိဂုံ၊ ကျိုက်ထီးရိုး၊ ပင်းတယလိုဏ်ဂူ၊ ပိတ်ချင်းမြောင်၊ ကောင်းမှုတော်ဘုရားများကိုလည်း လာရောက်ဖူးမြော်ကြသူများနှင့် အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိသည်။

နန်းမြင့်မျှော်စင်အနီးရှိ ဂီတစင်မြင့်တွင်လည်း နာမည်ကြီးတီးဝိုင်းအဖွဲ့များ၊ နာမည်ကြီး အဆိုတော်များဖြင့် ဆက်လက်ဖျော်ဖြေလျက်ရှိရာ တေးဂီတကြိုက်နှစ်သက်သူ လူငယ်များ ပျော်ရွှင်စွာ ခြိမ့်ခြိမ့်သဲ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၁၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၀၅	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅	၇။	အရေးပြိုင်ပွဲ
၈း၂၅	၈။	ရွှေလင်းပန်းတံတား
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Let’s Go.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅း၁၀	၅။	မြန်မာစာ၊မြန်မာစကား
၅း၁၅	၆။	**“စည်းကမ်းလိုက်နာ ဘေးကင်းကွာ” (လူကူးမျဉ်းကျားမှကူးမယ်)**
၅း၂၀	၇။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅း၃၀	၈။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅	၁၂။	Guiness World Records.
၇း၂၀	၁၃။	မြန်မာ့ရေထွက်ပစ္စည်းဈေးရောင်းပွဲတော်(၂၀၀၆)အောင်မြင်မှု (အပိုင်း–၁)
၇း၃၀	၁၄။	ပြင်ဦးလွင်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**မြန်မာရုပ်ရှင် “ပုံပမာ” ကျော်ဆွေ၊ ခင်ယုမေ (ဒါရိုက်တာ–ကျော်ဆွေ)**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

20-12)09.P65 1 1/11/32, 2:39 PM

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်တောင်း–မြစ်ကျိုး–ဒိုက်ဦး ရထားလမ်းဖောက်လုပ်မှုစစ်ဆေး ဝေါမြို့နယ် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် စစ်တောင်း(ဆတ်သွားကုန်း)–မြစ်ကျိုး–ဒိုက်ဦး ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့မီးရထားမှ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက စစ်တောင်း(ဆတ်သွားကုန်း)–မြစ်ကျိုး–ဒိုက်ဦး ရထားလမ်းဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ၃၅၂ ပေရှည် စစ်တောင်းတူးမြောင်း တံတားတည်ဆောက်မှု လုပ်ငန်းခွင်သို့လည်းကောင်း၊ ၂၆၄ ပေရှည် နဂါးပေါက်ချောင်းတံတား တည်ဆောက်မှုလုပ်ငန်းခွင်သို့ လည်းကောင်း၊ ချိန်းအမှတ် (၂၁၆)တွင် သံလမ်းအကြမ်းစီခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပဲခူး–မော်လမြိုင်ရထားလမ်းမှ ခွဲထွက်မည့်နေရာဖြစ်သော ဆတ်သွားကုန်းတရားဘူတာအဆောက်အအုံနှင့် ဘူတာယာဒ်ဝင်းတည်ဆောက်မှု လုပ်ငန်းခွင်သို့လည်းကောင်း လှည့်လည်စစ်ဆေးပြီး သတ်မှတ်ကာလတွင် ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံး ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့သည် ဝေါမြို့နယ် ကမာကဘန်ကျေးရွာသို့ ရောက်ရှိပြီး ဘုရားပျို–ကမာကဘန်–ကဒွတ် ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်ပွဲသို့ တက်ရောက်သည်။ အဆိုပါ မြေသားလမ်းဖွင့်ပွဲသို့ ဝေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နု၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးလက်မြေသားလမ်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ကမာကဘန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ထွန်းက မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝေါမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစောရွှေက မြေသားလမ်းကို ဆက်လက် အဆင့်မြှင့်တင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူ ကဒွတ်ကျေးရွာမှ ဦးတင်ငွေက မြေသားလမ်းဖောက်လုပ်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗဟိုအမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြေသားလမ်းဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇောနှင့် ကဒွတ်ကျေးရွာမှ ရပ်မိရပ်ဖ ဦးတင်ငွေတို့က မြေသားလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့ဝင်များက မြေသားလမ်းကို ကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၎င်းမြေသားလမ်းမှာ ဘုရားပျိုကျေးရွာမှ ကမာကဘန်၊ ကမာကဘန်မှ ကဒွတ်အထိ စုစုပေါင်း ၃ မိုင် ၄ ဖာလုံရှည်လျားပြီး နယ်မြေမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ဦးဆောင်မှုဖြင့် နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများ ဝိုင်းဝန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကမာကဘန်ကျေးရွာ၌ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကို ကျင်းပရာ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းတို့က အမှာစကားပြောကြားကြပြီး ဝေါမြို့နယ်အသင်း အတွင်းရေးမှူး ဦးချိုဦးက မြို့နယ်အသင်း၏ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လက်ပံသုံးပင်ကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ ၁၂၀၊ ဘုရားပျိုကျေးရွာမှ အသင်းဝင် အဆိုပြုလွှာ ၁၈၀၊ ကမာကဘန်ကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ ၁၆၀၊ ကဒွတ်ကျေးရွာမှ အသင်းဝင် အဆိုပြုလွှာ ၁၄၀၊ ထိန်တပင် ကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ ၁၇၀၊ ဘိုကတော်ကျေးရွာမှ အသင်းဝင် အဆိုပြုလွှာ ၁၃၀၊ ကျုံရဲ့ကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ ၉၀ တို့ကို ပေးအပ်ကြရာ ပဲခူးတိုင်းအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ကျေးလက် မြေသားလမ်း အဆင့်မြှင့်တင်ရေးအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ကျေးလက်မြေသားလမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဇောက လက်ခံပြီး အဆိုပြုလွှာ ပေးအပ်ပွဲကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့သည် ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် မူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အဖွင့်အမှာစကား ပြောကြားပြီး စာသင်ခုံများနှင့် ပတ်သက်သော စာရွက်စာတမ်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းကြည်က လက်ခံသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း စစ်တောင်း တူးမြောင်းတံတား တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်း မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟ စာမေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က အထက(၁)၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဝိမလ၊ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ ဝရလင်္ကာရနှင့် ကြီးကြပ်ဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးကျော်ကျော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၅၀၆)

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်သည် ဒီဇင်ဘာ ၂၀ ရက် ညတွင် လှိုင်သာယာမြို့နယ် (၅)ရပ်ကွက်ထိပ် မဟာဘောဂလမ်း၊ (၂၁/၂၂)ရက် ညများတွင် သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေလမ်းမကြီး မာရဝိဇယဓမ္မာရုံ၊ (၂၃/၂၄)ရက် ညများတွင် ရွှေပြည်သာမြို့နယ် ဏ/၁၄ရပ်ကွက် ပန်းခြံ (၁၂)၊ ၂၅ ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်ရတနာလမ်း အောင်မိသားစု ဆွမ်းလောင်းမဏ္ဍပ်၊ ၂၇ ရက်ညတွင် ထန်းတပင်မြို့ ဇမ္ဗူဒီပါကွင်းကျောင်း၊ ၂၈ ရက်ညတွင် လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း သံဈေးရှေ့၊ ၂၉ ရက်ညတွင် အင်းစိန်မြို့နယ် အင်းစိန်ကွက်သစ်ရပ်ကွက် မာလာရာမကျောင်းတိုက် ရွှေစာရေးဗုဒ္ဓပူဇနိယပွဲ၊ ၃၀ ရက်၊ ၃၁ ရက်နှင့် ဇန်နဝါရီ ၁ ရက်ညတို့တွင် ကျောင်းကုန်းမြို့ တာဦးအမှတ် ၃ ရပ်ကွက် မြနန်းလိုဏ်ဂူပူဇော်ပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

အုတ်မြစ်စီမင်္ဂလာကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ်(၄)ဝိုင်း သာသနာ့မြေ ရွှေသလ္လာ ပရိယတ္တိ စာသင်တိုက်တွင် အများပြည်သူများ စုပေါင်း၍ ရွှေသိမ်တော် အုတ်မြစ်စီ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြီး သိမ်ဆောက်လုပ်ရန်အတွက် အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၉၀ ကို ဆရာတော် ဘဒ္ဒန္တကောဝိဒ (ရွှေသလ္လာ)ထံ ကပ်လှူကြသည်။ သိမ်တော်ကြီးအတွက် လှူဒါန်းလိုပါက ဆရာတော် ဘဒ္ဒန္တကောဝိဒ (ရွှေသလ္လာ) ဖုန်း–၀၁–၅၆၀၅၄၂ နှင့် ဦးမောင်ကျော် (ကျော်နှင့်ညီများ ဒိုင်နမိုမော်တာ ပြုပြင်ရေး) ဖုန်း–၀၉၅၁၃၆၄၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကင်းမြို့နယ် အခြေခံမီးသတ်သင်တန်း (၁/၂၀၀၆) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပရာ တောင်ဥက္ကလာပဇုန် (ရန်ကင်းမြို့နယ်) မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော် သင်တန်းဆင်း လက်မှတ်ပေးအပ်စဉ်။ (၃၅)

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၁၉

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (တနင်္ဂနွေ)နေ့ နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်းမှတ်တိုင်ရှိ အဘိဓမ္မာရတနာဃရဓမ္မဗိမာန်တော်တွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်နှင့် အသက် (၈၀)ပြည့် အတူနေ မိဘများစာရင်းနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ဂုဏ်ထူးရ အသင်းသား အသင်းသူများ၏ သား၊ သမီးများ အမည်စာရင်းကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက် မတိုင်မီ ပေးပို့ရန်နှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ အလှူငွေကို ဦးလှမြင့် ဖုန်း–၂၂၄၃၉၁၊ ဦးမြင့်သိန်း ဖုန်း–၂၀၁၇၃၁ နှင့် ဦးလှမြင့် ဖုန်း–၂၅၂၇၉၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၁၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- **၅:၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၃၅** ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – မြစ်တစ်စင်းရဲ့သံစဉ် (အပိုင်း–၁)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ရွှေမင်းသမီး (ဒုတိယတွဲ) (အပိုင်း–၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျေးဇူးရှင်မိဘနှစ်ပါးနှင့် အစ်ကို၊ အစ်မ၊ မောင်၊ ခင်ပွန်း ဦးစု၊ သားသုံးယောက်နှင့် မြေးတစ်ယောက်တို့အား ရည်စူး၍ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ရတနာလမ်းနေ ဒေါ်ကြည်နှင့် မောင်၊ ညီမ၊ သားသမီးမြေးတစ်စုတို့က ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဆရာတော် ဦးလက္ခဏထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကွယ်လွန်သူများအား ရည်စူးပြီး မိခင် ဒေါ်စောဖြူအား အမှူးထားပြီး ရန်ကုန်မြို့၊ ရွှေပြည်သာ၊ ၈ ရပ်ကွက်၊ နဝရတ်လမ်းနေ သား မောင်သန့်ဇင်(ခ)မင်းမင်း မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် ၁၁၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့၊ မင်္ဂလာဈေး၊ မြေညီထပ်၊ ဆိုင်အမှတ်(၃၁၁-၃၁၂) ကိုအောင်လွင်-မကြည်ကြည်ဆိုင် (စိန်ပန်းသီး-ပုဆိုးဆိုင်)မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်း ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ပထမအကြိမ် အောလိုင်စင် ဘောလုံးနည်းပြဆရာ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပထမအကြိမ် "A" Licence ဘောလုံးနည်းပြဆရာ သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အာရှဘောလုံးအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာ Mr. Ahmad Omer Sh Festo က တို့က အမှာစကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၂ဦး တက်ရောက်

သင်တန်းကို ဒီဇင်ဘာ ၁၈ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၅ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၂၂ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာ(ယူ-၂၃) သရေကျ မလေးရှား (ယူ-၂၃)နိုင်

ရန်ကုန် ဒီဇင်ဘာ ၁၉

၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရှိုင်ရယ် နိုင်ငံတကာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ (ယူ-၂၃)နှင့် အင်ဒိုနီးရှား (ယူ-၂၃)တို့ သရေကျပြီး မလေးရှား (ယူ-၂၃)က မြန်မာလက်ရွေးစင်အသင်းကို အနိုင်ရသည်။

ပထမပွဲစဉ်တွင် မြန်မာ (ယူ-၂၃) အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဂိုးမရှိ သရေကျသွားပြီး ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို အင်ဒိုနီးရှားအသင်းမှ Ahmad Bustomi က ရရှိသည်။

ဒုတိယပွဲစဉ်တွင် မလေးရှား (ယူ-၂၃) ဘောလုံးအသင်းက မြန်မာ့လက်ရွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အကောင်းဆုံးဆုကို မလေးရှားအသင်းမှ Bin Zambri က ရရှိသည်။ (ကြေးမုံ)

အမျိုးသမီး ဆရာဝန်များအဖွဲ့ သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီး ဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပသော (၂၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန် အသင်းခန်းမ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးအက်စ်ကျော်လှက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်လေးကြီးက သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကန်တော့

ထို့နောက် တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီး ဆရာဝန်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့၍ ကန်တော့ပစ္စည်းများ ပေးအပ်ပြီး ကန်တော့ခံ သက်ကြီးဆရာဝန်ကြီးများကိုယ်စား ဆရာမကြီး ဒေါက်တာ ဒေါ်ခင်သန်းနုက ဩဝါဒစကား ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

အင်တာနက်အားကစားသတင်းများ

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ကန်နာဗာရိုး ရွေးချယ်ခံရ

ဇူးရစ် ဒီဇင်ဘာ ၁၉

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရအီတလီအသင်း၏ အသင်းခေါင်းဆောင် ဖက်ဘီရိုကန်နာဗာရိုးသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ နှစ်အလိုက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ရွေးချယ်ခံရကြောင်း ဖီဖာက ယမန်နေ့တွင် ထုတ်ပြန်ကြေညာသည်။

မဲပေးရွေးချယ်

ကန်နာဗာရိုးသည် နှစ်အလိုက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် နာမည်စာရင်းတင်သွင်းခံခဲ့ရသူ ပြင်သစ်အသင်းမှ ဇီနက်ဒင်းဇီဒန်းနှင့် ဘရာဇီးအသင်းမှ ရော်နယ်လ်ဒင်ဟိုတို့နှင့်အတူ အကြိတ်အနယ်ယှဉ်ပြိုင် အရွေးခံခဲ့သည်။ အဆိုပါဆုကို နိုင်ငံတကာ နည်းပြဆရာများနှင့် ဘောလုံးအသင်းခေါင်းဆောင်များက မဲပေးရွေးချယ်ပေးသည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် မဲပေးရွေးချယ်ရာတွင် ကန်နာဗာရိုးက ၄၉၈ မှတ်၊ ဇီဒန်းက ၄၅၄ မှတ်နှင့် ရော်နယ်လ်ဒင်ဟိုက အမှတ် ၃၈၀ ရရှိသည်။

အကောင်းဆုံး ဘောလုံးသမားဆု

ကန်နာဗာရိုးသည် ရီးယဲလ်မဒရစ်အသင်းတွင် ပါဝင်ကစားလျက်ရှိပြီး ဥရောပ၏ အကောင်းဆုံး ဘောလုံးသမားဆုကို လွန်ခဲ့သည့်လက ရရှိခဲ့သည်။ ***အင်တာနက်***



ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရအီတလီအသင်း ခေါင်းဆောင် ကန်နာဗာရိုး။
(ဓာတ်ပုံ-အင်တာနက်)



ဒီဇင်ဘာ ၁၆ရက်က ပို့စ်မောက်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အာဆင်နယ်အသင်း မန်နေဂျာ အာဆင်ဝင်းဂါးအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဆင်ဝင်းဂါးကို အက်ဖ်အေက စွဲချက်တင်

လန်ဒန် ဒီဇင်ဘာ ၁၉

အာဆင်နယ်အသင်း မန်နေဂျာ အာဆင်ဝင်းဂါးသည် မလျော်ကန်သည့် အပြုအမူအတွက် စုံစမ်းစစ်ဆေးမှုခံယူရန် အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ယမန်နေ့ညတွင် အမိန့်ချမှတ်လိုက်သည်။ အာဆင်ဝင်းဂါးသည် ပေါင်ငွေ ၁၀၀၀၀ ဒဏ်ငွေပေးဆောင်ရခြင်း၊ အက်ဖ်အေ၏ ပြင်းထန်သော သတိပေးမှုကိုခံယူရခြင်းတို့ကို ခံခဲ့ရပြီးနောက် လေးရက်မျှသာကြာမြင့်သေးချိန်တွင် ထပ်မံစွဲချက်တင်ခံရခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၁၆ ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ပို့စ်မောက်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲအတွင်း ဒိုင်လူကြီးကို ပြင်းထန်သော စကားလုံးများဖြင့် ပြောဆိုခဲ့သည်ဟု ဒိုင်လူကြီး၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ယင်းပွဲတွင် အာဆင်နယ်နှင့် ပို့စ်မောက်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

ဒိုင်လူကြီး စတိဗ်ဘင်းနက်နှင့် ၎င်း၏ စည်းကြပ်ဒိုင်များကို အာဆင်ဝင်းဂါးက ပွဲကစားချိန်ပထမပိုင်းအတွင်း မကျေမချမ်း ရေရွတ်ပြောဆိုခဲ့သည်ဟု ဆိုသည်။ ပထမပိုင်းမပြီးဆုံးမီ အချိန်အနည်းငယ်အလိုတွင် ဒိုင်လူကြီးက ဧည့်သည်အသင်းကို ဖရီးကစ်ကန်သွင်းခွင့် ပေးခဲ့ခြင်းအတွက် အာဆင်ဝင်းဂါးက မကျေမနပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

ဂိုးသမား တင်ဟောင်းဝပ်ဒ် မန်ယူအသင်းမှ ထွက်ခွာဖွယ်

လီဗာပူး ဒီဇင်ဘာ ၁၉

မန်ချက်စတာ ယူနိုက်တက်အသင်းတွင် အရန်ဂိုးသမားအဖြစ် ပါဝင်ကစားခဲ့သော တင်ဟောင်းဝပ်ဒ်သည် ယင်းအသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

မန်ချက်စတာယူနိုက်တက်အသင်း၏ ပထမဦးစားပေး ဂိုးသမားအက်ဒွင်ဗန်ဒါဆာသည် ယင်းအသင်းနှင့် ကန်ထရိုက်စာချုပ်သစ် လက်မှတ်ရေးထိုးခဲ့ပြီးနောက် တင်ဟောင်းဝပ်ဒ်၏ အနာဂတ်နှင့်ပတ်သက်၍ အဲဗာတန်အသင်းက ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

တင်ဟောင်းဝပ်ဒ်သည် မန်ချက်စတာ ယူနိုက်တက်အသင်းတွင် အရန်ဂိုးသမားအဖြစ် နေလိုခြင်းမရှိကြောင်း၊ ၎င်းသည် အခြားအသင်းတစ်သင်းသင်းတွင် ပထမဦးစားပေးဂိုးသမား အခန်းကဏ္ဍရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်း အဲဗာတန်အသင်း၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အင်တာနက်

ဘလက်ဘန်းအသင်းမှ နယ်လ်ဆင် လေ့ကျင့်ရေးကွင်းသို့ ပြန်ရောက်လာ

ဘလက်ဘန်း ဒီဇင်ဘာ ၁၉

နယူးဇီလန်လူမျိုး နိုင်ငံတကာ ဘောလုံးသမား ရန်းနယ်လ်ဆင်သည် ထိခိုက်ဒဏ်ရာရရှိခဲ့မှုကြောင့် လက်ရှိဘောလုံးရာသီ တစ်လျှောက်လုံး ပျောက်ကွယ်နေခဲ့ပြီးနောက် ဘလက်ဘန်းရိုဗာအသင်း၏ လေ့ကျင့်ရေးကွင်းသို့ ပြန်လည်ရောက်ရှိလာကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

ထိခိုက်မှု

အသက် (၂၉)နှစ်အရွယ်ရှိ နယ်လ်ဆင်သည် ၂၀၀၆-၂၀၀၇ ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲစတင် ချိန်ကတည်းကပင် တံခေါက်ကြောထိခိုက်မှုဝေဒနာကို ခံစားခဲ့ရသည်။ နယ်လ်ဆင်သည် ပေါ့ပေါ့ပါးပါး လေ့ကျင့်မှုကိုသာ ပြုလုပ်နိုင်သေးသည်။

နယ်လ်ဆင်သည် လာမည့်နှစ် ဇန်နဝါရီလကုန်ခန့်တွင် အင်ပြည့်အားပြည့် ဘောလုံးပြန်လည်ကစားနိုင်မည်ဟု မျှော်လင့်ကြောင်း ဘလက်ဘန်းအသင်းမန်နေဂျာ မာ့စ်ဟပ်ဖက်က ပြောကြားသည်။

အင်တာနက်

ချည်မျှင်/ အထည်အင်ဂျင်နီယာများ ပြန်လည်တွေ့ဆုံပွဲ– ၂၀၀၆

ပါမောက္ခဆရာကြီး ဦးမောင်မောင်သန်းနှင့်တပည့် ချည်မျှင်/အထည်အင်ဂျင်နီယာများ ပြန်လည်တွေ့ဆုံပွဲ ၂၀၀၆ခုနှစ်ကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ချည်မျှင်/အထည်အင်ဂျင်နီယာအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြားမပို့ပါ။)

ကျင်းပမည့်နေ့ – ၂၃–၁၂–၂၀၀၆(စနေနေ့)
အချိန် – မွန်းလွဲ ၁နာရီမှ ၃နာရီအထိ
နေရာ – ကန်တော်ကြီး
Western Park Royal ခန်းမ

[illegible]

ဓမ္မဏ္ဍာရုပ်စံပန်ကြားခြင်း

'ဟိုတယ်မန္တလေး' နှင့် 'မင်းသားကြီးဟိုတယ်' တွင် တည်းခိုနေထိုင်လျက်ရှိသော Grand Royal Challenge Cup'06 ဘောလုံးပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်း၊ အင်ဒိုနီးရှားနှင့် မလေးရှား ဘောလုံးအသင်းများအား လှိုက်လှဲစွာကြိုဆိုပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါသည်။

ရင်းပြိုင်ပွဲရက်များအတွင်း တည်းခိုရန်လာရောက်ကြသော ဧည့်သည်တော်များအား အခန်းမပေးနိုင်မှုအတွက် အထူးမေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။ ပြိုင်ပွဲပြီးဆုံးပြီးနောက်ပိုင်း လာရောက်တည်းခိုသော ဧည့်သည်တော်များအား အထူးနှုန်းထားများဖြင့် စီစဉ်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း လီမိတက်
အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

(၁၃)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း အစုရှယ်ယာဝင်များအား ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ – ၃၀–၁၂–၂၀၀၆(စနေနေ့)
ကျင်းပမည့်အချိန် – နံနက်(၀၉း၀၀)နာရီ
ကျင်းပမည့်နေရာ – တော်ဝင်ခန်းမ၊ အနောက်ကြို့ကုန်း၊ အင်းစိန် (သစ်တောဦးစီးဌာန)

ဒါရိုက်တာအဖွဲ့

KMD Computer Centre Practical A+
Intel Socket 775, Serial ATA ... Hardware Technician
Duration (40) Hours

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် ၅၉၃၈၅၉ မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

အောင်မျိုးထွန်း
အမှတ်(၁၁၉)၊(၃)ထပ်၊(၂၈)လမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်း

IDEA DIGITAL INKJET PRINTING
9:15 am to 7:00 pm
Vinyl ဗီနိုင်း အမြန်ထုတ်သည်
Indoor / Outdoor

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမင်းလွင်–(ဒေါ်ကျင်မြ)၊ တောင်ကြီးမြို့၊
တောင်ပိုင်းရပ်နေ ဦးကျော်သူ–(ဒေါ်ခင်ကြည်)တို့၏မြေး၊
ဦးသန်းလွင်ဦး(Thomas)–ဒေါ်ခင်ဌေးလှစိုး တို့၏သားကြီး

ကျော်စည်သူ (Plisto)

B.E (Mechanical) Y.T.U, M.Sc (Mechanical)
(National University of Singapore) နှင့်

သထုံမြို့နေ (ဦးချစ်လှိုင်)–ဒေါ်လှညွန့်၊
တောင်ကြီးမြို့၊ ဟံသာဦးရပ်နေ (ဦးသိန်းမောင်–ဒေါ်စိန်)တို့၏မြေး၊
တောင်ကြီးမြို့၊ ဟံသာဦးရပ်နေ ဦးမြင့်တိုး–ဒေါ်မြင့်ကြည်တို့၏
သမီးလတ်

ဒေါက်တာခင်ခင်ထား M.B.,B.S(Mandalay)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် ၁၈–၁၂–၂၀၀၆ နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

ကျော်စည်သူ–ဒေါက်တာခင်ခင်ထား

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ မြဝတီလမ်း၊ အမှတ်(၈)နေ
ဦးချန်စိန်ဝင်း – ဒေါ်စောကြည်
ကလေးမြို့ C.S.W မိသားစုပွဲရုံ
တို့၏ သားထွေး

မောင်ဝေရှိန်

(B.C.Sc)/(Credit) (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)

နှင့်

ရန်ကုန်မြို့၊ အမှတ်(၁၂၂)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်နေ
ဗိုလ်ကြီးခင်အောင်ထွန်း(ငြိမ်း) (Suntree Agriculture Produce Co., Ltd.) –
ဒေါ်ဆွေဆွေမြင့်(အောင် D အဆင့်မြင့်နည်းပြ)
တို့၏ သမီးကြီး

မသန္တာထွန်း

(B.C.Sc) (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)
B.Sc (Hons:) in Computing & Information System
(Metropolitan University, UK)

တို့၏ ၁၉–၁၂–၂၀၀၆ ရက် Sedona Hotel (Grand Ballroom) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ဆွေညွန့်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ပါမောက္ခ ဒေါက်တာဦးရဲမြင့်နှင့် ဇနီး ပါမောက္ခ ဒေါက်တာဒေါ်သိန်းသိန်းမြင့်၊ မင်္ဂလာပွဲသို့တက်ရောက်၍ ချီးမြှင့်အားပေးကြသော ဧည့်ပရိသတ်များ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးတေးသီချင်းသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ သတို့သားအရံ မောင်သစ်လွင်မင်းနှင့် မောင်ထက်နိုင်ဦး၊ သတို့သမီးအရံ မမေသဲမောင်နှင့် ဒေါက်တာဖြူဖြူပုလဲ၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မဝင်းထက်ထက်နိုင်၊ မင်္ဂလာပန်းကြဲပေးသော မအိဖြိုးသွယ်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မအေးအိန္ဒြာလင်း၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံဖန်တီးပေးသော ခင်စန်းဝင်း၊ ပန်းအလှပြင်ဆင်ပေးသော Eternal Flowers ၊ ဗီဒီယိုဓာတ်ပုံမှတ်တမ်းတင်ပေးသော ဝဏ္ဏစွာနီးနှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝေရှိန်–မသန္တာထွန်း

INFORMATICS 220/222 Botataung Pagoda Rds. 203188, 296829, 4412620
နိုင်ငံတကာအဆင့်မီ ပထမနှစ် သင်တန်းများ
☒ COMPUTING (IDIC) ☒ NETWORKS & CYBERSECURITY(IDNC)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်းနေ
ဦးတင်စိန်–ဒေါက်တာတီတီ (Senior Consultant Microbiologist 'NTP' Myanmar)
တို့၏သားကြီး

ဒေါက်တာဟန်မျိုးသင်

Senior Franchising Officer (PSI/Myanmar)

နှင့်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းနေ
(ဦးသန်းလွင်)–ဒေါ်အေးအေးသွင် တို့၏သမီးလတ်

ဒေါက်တာမိုမိုလွင်

Franchising Officer (PSI/Myanmar)

တို့၏ ၁၇–၁၂–၂၀၀၆ Traders Hotel တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် လက်ထပ်လက်စွပ်ဆင်မြန်းပေးသော PSI/Myanmar မှ Country Director Mr. Guy Stallworthy နှင့်ဇနီး၊ မင်္ဂလာသြဝါဒမြွက်ကြားပေးသော PSI/Myanmar မှ Dr.စိုးတင့်အောင်၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆရာဝန်ကြီးများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာဝတ်စုံ လဲ့လဲ့ဝင်း၊ မိတ်ကပ်ဆံပင် ပြင်ဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ ဓာတ်ပုံနှင့် ဗီဒီယို မင်းချမ်းမွန် (AMS)နှင့်အဖွဲ့၊ မိတ်ကပ်ခင်စန်းဝင်းနှင့် အလှဓာတ်ပုံ Sponsor ပေးသော ၄၉လမ်း Studio(၄၉)မှ သူငယ်ချင်းကျွဲ၊ ကိုသန့်နှင့်ကိုလတ်၊ Exodus Music Band တို့အားလည်းကောင်း၊ စိတ်ရောကိုယ်ပါဝိုင်းဝန်းကူညီကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အချစ်ဆုံးသူငယ်ချင်းများ၊ Traders Hotel နှင့် Western Park II Restaurantမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲတွင် အဘက်ဘက်မှ ကူညီပေးသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဟန်မျိုးသင်–ဒေါက်တာမိုမိုလွင်

ဖြူးမဟာစည်ဝိပဿနာ ၁၀ ရက်တရားစခန်း

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာရိပ်သာ ကျောင်းတိုက်၌ ဘဒ္ဒန္တ နရပတိ (သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) ဖြူးဆရာတော်နှင့် တပည့်ဓမ္မကထိက အရှင်မြတ်တို့က သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစ၍ ဇန်နဝါရီ ၁၃ ရက်အထိ ဟောပြောပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသောယောဂီများ ဇန်နဝါရီ ၃ ရက် ညနေ ၄ နာရီအရောက် လာကြရန်နှင့် အလှူရှင်များ ရိပ်သာ ဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆ (လိုင်းခွဲ–၁၈၁)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

အိုင်စီတီပြပွဲနှင့် ဈေးပွဲတော် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)က ကြီးမှူး၍ တတိယအကြိမ် ပညာရေးအထောက်အကူပြု Project ပြိုင်ပွဲ၊ MCT ပြပွဲနှင့် ဈေးပွဲတော် ၂၀၀၆ ကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် (Myanmar Info-Tech) ၌ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

D FASHION
Sewing for Special Occasions
Professional DressMarker,
Professional Fashion Designer
Level (1)
Fashion Design
Pattern Drafting and Cutting
Fashionable Dress Making
Shirt / Coat / Jacket / Trouser
Bridal Dress Marking
2007

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

အထက(၁)လမ်းမတော်(စိန့်ဂျွန်း)
၁၉၆၈–၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများ၏
တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှိုးဆော်လွှာ

(၁၉၆၈–၈၄) ပညာသင်နှစ် ကျောင်းသားဟောင်းများကြီးမှူး၍ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလ(၂၄)ရက် (တနင်္ဂနွေနေ့) နံနက် (၉)နာရီတွင် စွမ်းအားခန်းမ (ကျောင်းခန်းမကြီး)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး ကြည်နူးပီတိဖြစ်ဖွယ်ရာ စုံညီတွေ့ဆုံကုသိုလ်ယူပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အောက်ပါကျောင်းသားဟောင်းများထံ အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါသည်။

၁။	ကိုမျိုးသိမ်း	ဖုန်း–၂၁၀၆၇၅ လိုင်းခွဲ–၂၀၁	၈။	ကိုမင်းသိမ်း	ဖုန်း–၀၉–၅၁၄၄၆၆၁
၂။	ဒေါက်တာဟံဝင်း	ဖုန်း–၀၉–၅၀၁၃၁၈၉	၉။	ဒေါက်တာမြင့်စိုး	ဖုန်း–၀၉–၉၉၂၅၁၀၅
၃။	ကိုဝင်းကို	ဖုန်း–၇၀၁၁၅၇	၁၀။	ကိုဝင်းကြည်	ဖုန်း–၀၉–၅၁၇၀၉၁၉
၄။	ကိုသက်ဌေး	ဖုန်း–၀၉–၅၀၀၆၆၅၂	၁၁။	ကိုမင်းသွင်ညွန့်	ဖုန်း–၀၉–၅၀၀၆၉၉၀
၅။	ကိုညိုထွန်း	ဖုန်း–၅၈၅၀၀၇	၁၂။	ကိုအောင်တင့်	ဖုန်း–၀၉–၅၀၁၂၃၀၄
၆။	ကိုခင်စိန်	ဖုန်း–၂၂၄၀၃၀	၁၃။	ဒေါက်တာထွန်းမြတ်	ဖုန်း–၂၂၁၉၆၆
၇။	ကိုညာဏ်ထွဋ်	ဖုန်း–၀၉–၅၀၁၃၈၃၇	၁၄။	ကိုဇော်ဝင်းဦး	ဖုန်း–၂၂၇၉၀၆

အမှုဆောင်အဖွဲ့

ဖုန်ချီ
01-384651

ဦးအောင်ဝင်း
LCCI Dec 30

ထူးခြားသည့် ညအပူချိန်

၁၉–၁၂–၂၀၀၆

ဟားခါး

၆ ဒီဂရီ စင်တီဂရိတ်

မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ပုံမှန်ကုန်သွယ်မှုစနစ်ပြောင်းလဲမှု တိုးတက်အောင်မြင် ကျန်နယ်စပ်များ၌လည်း ပုံမှန်ကုန်သွယ်မှုနည်းလမ်းများဖြင့် တိုးမြှင့်ဆောင်ရွက်သွားရန်ရှိ မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(၂၀၀၆) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းတို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(၂၀၀၆)ကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ လျှူဖင်၊တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာ လျိုယီဖင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များနှင့် ကုန်သည်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများ စုစုပေါင်းအင်အား ၂၂၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရေးအတွက် အရေးပါသည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ လျှူဖင်တို့ မြန်မာ–တရုတ်နယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲ(၂၀၀၆)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဆောင်းပါးအညွှန်း

ကြိမ်နှင့်ဝါးသည် မြန်မာနိုင်ငံ ဒေသအနှံ့ အပြား၌ ပေါများစွာ ပေါက်ရောက်လျက်ရှိသည့် သဘာဝ ကုန်ကြမ်းများဖြစ်သည်။ ယနေ့အချိန်အခါ၌ လက်ရာမြောက် ကြိမ်၊ ဝါး လက်မှုပစ္စည်းများသည် နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်သည်။ နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသူများအနေဖြင့် ကြိမ်၊ ဝါး အခြေခံ လက်မှုအတတ်ပညာများကို ကျွမ်းကျင်စွာ သင်ယူတတ်မြောက်ထားခြင်းဖြင့် ကိုယ်ပိုင်ဝင်ငွေရ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြင့်စိုး(နတလ)၏ **“လူမှုစီးပွားဘဝမြင့်မား တိုင်းရင်းသားသွေးချင်းများ”**

(ဆောင်းပါး) စာမျက်နှာ–၃

အင်တာနက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးသတင်း

လူသန်းပေါင်းများစွာ၏ အသက်မွေးမှု၌ အရေးပါသည့် တောင်တန်းများထိန်းသိမ်းရေး တစ်ကမ္ဘာလုံးပါဝင်သင့်

ရောမ ဒီဇင်ဘာ ၁၉

စိုက်ပျိုးရေးနှင့် တောရိုင်းတိရစ္ဆာန်များဆိုင်ရာ ဇီဝမျိုးစိတ်အမျိုးမျိုး၏ ပဓာနကျသော ဘူမိနက်သန်အဖြစ် ကမ္ဘာ့တောင်တန်းများကို အကာအကွယ်ပေးရေးအတွက် တစ်ကမ္ဘာလုံးပူးပေါင်းပါဝင်ရန် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ဒီဇင်ဘာ ၁၈ ရက်တွင် တိုက်တွန်းလိုက်သည်။

လူတို့က အရင်းအမြစ်များကို လွန်လွန်ကဲကဲ အသုံးပြုမှုကြောင့် ဇီဝဆိုင်ရာ အမွေအနှစ်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်တို့မှာ မျိုးသုဉ်း ပျောက်ကွယ်လုနီးပါးရှိကြောင်း အက်ဖ်အေအို၏ သစ်တော အရင်းအမြစ်ဌာန ညွှန်ကြားရေးမှူး ဂျို့စ်အန်တိုနီယိုပရာဒိုက နိုင်ငံတကာ တောင်တန်းများနေ့ ၂၀၀၆ခုနှစ်အထိမ်းအမှတ် ကြေညာချက်ထုတ်ပြန်ရာတွင် ပြောကြားသည်။

တောင်တန်းများ၏ ဇီဝမျိုးစိတ်များအား ကာကွယ်ပေးရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရများ၊ **စာမျက်နှာ ၉ ကော်လံ ၆ သို့ ❍**



ဟိမဝန္တာ တောင်တန်းများ

ဟိမဝန္တာ တောင်စဉ်တောင်တန်း၏ တောင်ထွတ်များ တည်နေရာပြ မြေပုံ။

(ဓာတ်ပုံ–အင်တာနက်)